မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမဥ္စကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အဝင် မုခ်ဦးက သတင်းခရီးသည်ကို ဤသို့ ကြိုဆိုနေသည်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

နယ်စပ်ခရီးသွားမြို့အဖြစ် ဖွံ့ဖြိုးစည်ပင်လာသော မူဆယ်

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့သည် နိုင်ငံတော်အစိုးရလက်ထက် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုကြောင့် နယ်စပ်ခရီးသွားမြို့အဖြစ် တိုးတက်သစ်လွင်လာခဲ့သည်။

ယခင်ကာလ

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲလာသည်နှင့်အမျှ နယ်စပ်မြို့ မူဆယ်သည်လည်း ခရီးသွားမြို့အဖြစ် ဖွံ့ဖြိုးစည်ပင်လာသည်ကို တွေ့ရပေသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❍

ဗလမင်းထင်၊ ဒိုချက်ကာင်နှင့် ဝိုင်းမော်မြို့

ကချင်ပြည်နယ် ဝိုင်းမော်မြို့ ဟင်းသီးဟင်းရွက်စိုက်ကွင်းမှ ဂေါ်ဖီထုပ်ကြီးများက အားရဖွယ် ဖွံ့ဖွံ့ထွားထွား....။
ဓာတ်ပုံမှတ်တမ်း-မောင်ပြုံးမြင့်(ဘီလူးမြို့)

နေပြည်တော် ဇန်နဝါရီ ၂၈

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် (ယခင် စီတာပူရွာ)မှ ဗလမင်းထင်တံတားကြီးကို ဖြတ်ကူးလိုက်လျှင် ဝိုင်းမော်မြို့ကို မိနစ်ပိုင်းအတွင်း ရောက်သွားနိုင်သော်လည်း ခရီးလမ်းကြောင်း မသင့်သေး၍ ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ မိုင်းနားရွာကလေးကိုသာ မကြာမကြာ ငေးကြည့်နေမိသည်။

ကားအဆင်ပြေသည့် ဇန်နဝါရီလ၏ နေ့တစ်နေ့တွင် မြစ်ကြီးနား-ဝိုင်းမော်-ဆဒုံး ခရီးစဉ်ကို စီစဉ်ဖြစ်သည်။ ဝိုင်းမော်-ဆဒုံး ခရီးစဉ်၌ ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား)မှ တာဝန်ခံအရာရှိ ဦးဇော်မင်း၊ မြစ်ကြီးနားမြို့ အလယ်ကုန်းရပ်ကွက်မှ လီဆူ တိုင်းရင်းသား ဦးဒေးဗစ်ဖစ်ရှ်နှင့် *စာမျက်နှာ ၈ ကော်လံ ၁* ✻

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
မောင်ပြုံးမြင့်(ဘီလူးမြို့)
စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

29-1 (01).pmd 1 1/29/2010, 2:03 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၉ ရက်)

ကျန်းမာရေးနှင့် သန့်ရှင်းသောသောက်သုံးရေ

ရေသည် သဘာဝကပေးထားသည့် ဆေးတစ်ပါးဖြစ်သည်။ ငွေကိုမလို ရေကိုသာလိုသည်စကားသည် ရေ၏တန်ဖိုးကို ဖော်ညွှန်းနေသည်။ လူတို့အတွက် သောက်သုံးရေ နေ့စဉ်လုံလောက်စွာရရှိရန် လိုအပ်သည်။

လူတို့၏ကျန်းမာရေးအတွက် ရေကောင်းရေသန့် ရရှိရန်လိုအပ်သည်။ မသန့်ရှင်းသောရေများကို သောက်သုံးမိပါက ရောဂါများ ဖြစ်ပွားစေနိုင်သည်။ မြစ်ရေ၊ ကန်ရေတို့ကို အသုံးပြုပါက ကျိုချက်၍ သောက်သုံးမှသာ သန့်ရှင်းသော ရေကောင်းရေသန့် ရရှိမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ရေခက်ခဲသော ဒေသများတွင် ဆည်တမံများ တည်ဆောက်ခြင်း၊ မြစ်ရေတင် လုပ်ငန်းများ၊ မြေအောက်ရေ ရရှိရေး လုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးတို့ကို အကောင်အထည်ဖော်ပေးခဲ့သည်။ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကျေးရွာများ၌ ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်း တူးဖော်ပေးလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းမှ ကျေးရွာ ၈၀၄၂ရွာတို့တွင်လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းများမှ ကျေးရွာ ၁၄၉၇၉ ရွာတို့တွင်လည်းကောင်း သန့်ရှင်းသော သောက်သုံးရေရရှိရန် ဖြည့်ဆည်းပေးခဲ့သည်။

အချို့ရေရှားပါးသည့် နိုင်ငံများသည် သန့်ရှင်းသောရေကို ပြည်ပမှ မှာယူတင်သွင်းပြီး သုံးစွဲနေရသည်ဖြစ်ရာ ရေ၊ မြေသယံဇာတနှင့် ပြည့်စုံနေသည့် မြန်မာနိုင်ငံသည် တည်ရှိပြီးဖြစ်သည့် ရေသယံဇာတကို စနစ်တကျ စည်းကမ်းရှိရှိဖြင့် အသုံးပြုကြရမည်ဖြစ်သည်။

ဒေသအနှံ့ရှိပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်သာမက အလှူဒါနပြုကြသော အလှူရှင်များဖြစ်သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များသည် ငွေကြေးသဒ္ဓါတရားထက်သန်စွာနှင့် ပူးပေါင်းပါဝင်ကူညီလျက်ရှိကြသည်။

ရေအကျိုး(၁၀)ပါး မတောင်းဘဲပြည့်သည်ဟူသော စကားနှင့်အညီ နိုင်ငံတော်နှင့် စေတနာအလှူရှင်များက စက်ရေတွင်းများ တူးဖော်လှူဒါန်းလျက်ရှိရာ အပူပိုင်းဒေသဖြစ်သည့် စစ်ကိုင်းတိုင်း၌ ၃၄ မြို့နယ်၊ မကွေးတိုင်း၌ ၂၅ မြို့နယ်၊ မန္တလေးတိုင်း၌ ၂၃ မြို့နယ် စုစုပေါင်း မြို့နယ် ၈၂ မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိခဲ့ပြီဖြစ်ရာ ဒေသခံပြည်သူတို့ကလည်း သန့်ရှင်းသော သောက်သုံးရေများ ရေရှည်သုံးစွဲနိုင်ရေးအတွက် စက်ရေတွင်းများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အိုင်စီတီသုတ
၄:၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေခဲပြင်မရှိတော့တဲ့ အာတိတ်ဒေသ** (အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရှာ** ဟာသ ဇာတ်လမ်းတွဲ **ပေါ့ပေါ့ပါးပါးပေါ့** မေတ္တာ၊ ချစ်ဖွယ်၊ ပေါ်လေး
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၁၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသော သီချင်းများ တေးရေး-စံပီး ကိုယ်တွေ့ဆောင်းအိပ်မက် အပိုင်း(၁)
၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အရက်ဘီးအချစ်**(အပိုင်း-၂၆)

ဟသ်ာတ တာများကြံ့ခိုင်မှု
လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းက ဟသ်ာတမြို့နယ်အတွင်းရှိ ဟသ်ာတ တာတစ်လျှောက် တာများကြံ့ခိုင်မှု၊ ဆောင်းသီးနှံ ပဲမျိုးစုံ ၊ နေကြာသီးညှပ် စိုက်ခင်းများနှင့် ရေကျနောက်စိုက်စပါးများ ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် လိပ်ချောင်း၊ ချင်းဘို့၊ လယ်တီ၊ ချောင်းဖျားကြီး၊ လက်ပန်လှ ကျေးရွာအုပ်စုတို့မှ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားသည်။

လှူဒါန်း

ယင်းနောက် ရေကြီးရေလွှမ်းကွင်းများ၌ ရေတော်မိုးတော် လယ်မြေများဖြစ်ပေါ်ရေး၊ ရေနုတ်မြောင်းများ တူးဖော်ရေးနှင့် တာများပြုပြင်ရေး ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်ပေးပြီး လိပ်ချောင်းကျေးရွာ ကျေးလက်ဆေးပေးခန်းအတွက် ဆေးဝါးပစ္စည်းများနှင့် စာအုပ်စာစောင်များကို လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဗိုလ်တထောင်မြို့နယ် ရာဇာဓိရာဇ်အိမ်ရာ အမှတ် ၃၀၂/၂၆၃ နေ ဦးကောင်းမြတ်သိန်း-ဒေါ်နီနီစိုး မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၂၈

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးကျော်ဝင်းတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ဇန်နဝါရီ ၂၅ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု သုံးမှုနှင့် ယင်းဥပဒေပုဒ်မ(၈)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု သုံးမှု စုစုပေါင်း ခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဦးမြို့နယ် ကုန်းသာကျေးရွာ မူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ရေဦး ဇန်နဝါရီ ၂၈

*ရေဦးမြို့နယ် ကုန်းသာကျေးရွာအုပ်စု ကုန်းသာရွာ စူပါစိမ်းကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းဆောင်၌ ကျင်းပရာ စူပါစိမ်းကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ မြို့နယ်ပညာရေးမှူးဦးကျော်တင့်၊ အလှူရှင် စူပါစိမ်းနှင့် ရွှေပြည့်လျှံကျောက်မျက်ကုမ္ပဏီမှ ဦးတင်မိုး-ဒေါ်မြနှင်းဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်တို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား အလှူရှင်ဦးတင်မိုး-ဒေါ်မြနှင်းဝေ (သား) သန့်ဇင်ခန့်နှင့် အောင်နိုင်မိုးတို့က မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်၍ ကျေးရွာမိဘပြည်သူများကိုယ်စား ကုန်းသာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်ကွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)***

စက်ရေတွင်းသစ်ဖွင့်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော အမှတ်(၄)ရပ်ကွက် စက်ရေတွင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါစက်ရေတွင်းနေရာ၌ ကျင်းပရာ လဲချားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးဝင်းမောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကားမှုတ်ဆေးလုပ်ငန်းရှင်များအတွက် သတင်းကောင်း



ရန်ကုန် ဇန်နဝါရီ ၂၈

TOA- ISM Co.,Ltd. က ဖေဖော်ဝါရီ ၁ရက်မှ ၃ရက်အထိ ကျင်းပမည့် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော TOA Matrix နှင့် TOA Kuruma Automotive Refinish Paints များ စနစ်တကျ အဆင့်ဆင့် သုံးစွဲပုံတို့ကို ထိုင်း နည်းပညာရှင်များက လက်တွေ့သုံးစွဲ ပြသပေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ၊ ကားမှုတ်ဆေးလုပ်ငန်း လုပ်ကိုင်နေသူများ အခမဲ့ တက်ရောက်လေ့လာနိုင်သည်။

ဆက်သွယ်ရယူနိုင်

အသေးစိတ် အချက်အလက်များကို အမှတ် ၆၅ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် TOA Colorworld Shop သို့ ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ဇန်နဝါရီ ၂၇ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ သင်တန်းများဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ် (၁)၊ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ် (၃)နှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း အမှတ်စဉ် (၃)သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက် ၉နာရီခွဲက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်တွေ့သင်တန်းပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးသည် ဘိုကလေးမြို့ ဆရာအတတ်သင်ကျောင်း၌ ကျင်းပသည့် အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ်(၁)၊ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ် (၃)နှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း အမှတ်စဉ် (၃)သင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အဆင့်မြင့်စက်ချုပ် အထူးသင်တန်း အမှတ်စဉ် (၁)၊ အခြေခံ အိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ် (၃) နှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းအမှတ်စဉ် (၃) သင်တန်းများ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်ကြားပေး

ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၌ ယနေ့ဖွင့်လှစ်လိုက်သော အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ် (၁)၊ အခြေခံ အိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ် (၃) နှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း အမှတ်စဉ် (၃) တို့တွင် တစ်မြို့နယ်လျှင် အိမ်တွင်းမှု သင်တန်းသူ ၆၀ဦးအား သင်တန်းကာလ ရက်သတ္တ ၁၀ပတ်၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်ပညာ သင်တန်းသား ၅၀ဦးအား သင်တန်းကာလရက်သတ္တ ၄ပတ်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သွားသည့် မလေးရှားနိုင်ငံ၏ ရှစ်ယောက်မြောက် ဘုရင်နှင့် ဂျိုဟိုးနယ်နယ်စား Sultan Johor Almuta- wakki Al-Alah Sultan Iskandar Ibni Almarhun Sultan Ismail နှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်းနှင့် မလေးရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ပထမအတွင်းရေးမှူးချုပ်ဟောင်း Tun Ghazal Shafie တို့အတွက် ဇန်နဝါရီ ၂၈ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံး၌ ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

သက်ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ဂျီတီအိုင် ကျောင်းပေါင်းစုံမှ ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးပေး

မန္တလေး ဇန်နဝါရီ ၂၈

မြန်မာပြည်အတွင်းရှိ ဂျီတီအိုင်ကျောင်းများတွင် ပညာရပ်အသီးသီး သင်ကြားပို့ချခဲ့ပြီး သက်ပြည့်အငြိမ်းစားယူထားကြသော ဆရာ ဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးငွေပေးအပ်ပွဲအခမ်းအနားကို မန္တလေးမြို့ အရှေ့ပြင်(နန်းရှေ့)ရှိ အထက်မြန်မာပြည် အာစရိယပူဇော်ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရုံးခန်းတွင် ဇန်နဝါရီ ၂၄ရက် မွန်းတည့် ၁၂နာရီက ကျင်းပရာ နာယကဦးကြီးမောင်က အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဝင် ဆရာဦးကျော်ညဏ်ဝေက ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြောကြား

အငြိမ်းစားယူပြီး အထက်မြန်မာပြည်အရပ်ရပ်တွင် နေထိုင်သည့် ဆရာ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးငွေပေးအပ်လှူဒါန်းရာ အသက် (၇၀-၇၅)နှစ်အတွင်း ဆရာကြီး ၁၄ဦးနှင့် ဆရာမကြီး နှစ်ဦးအတွက် တစ်ဦးလျှင်ငွေကျပ် တစ်သောင်းနှုန်းဖြင့် သုံးလစာ၊ အသက် (၇၅-၈၀)အတွင်း ဆရာကြီး ငါးဦးအတွက် တစ်လ ငွေကျပ် နှစ်သောင်းနှုန်းဖြင့် သုံးလစာနှင့် အသက် ၈၀အထက် ဆရာကြီး လေးဦးအတွက် တစ်လငွေကျပ် သုံးသောင်းနှုန်းဖြင့် သုံးလစာတို့ကို အေဂျီတီအိုင်ကျောင်းသားကျောင်းသူဟောင်းများက ပေးအပ်လှူဒါန်းရာ ပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအောင်သန်းက ဆုံးမဩဝါဒစကား ပြောကြားသည်။ ယခု ပူဇော်ကန်တော့ကြသော ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၄၀၀၀၀ဖြစ်ကြောင်း သိရသည်။ (၁၆၂)

နွယ်သာကီ သတင်းဂျာနယ် ယခုအပတ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

နွယ်သာကီ သတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၂၃)ကို ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ရွှေပြည်စိုးစာပေတိုက်မှ ထုတ်ဝေဖြန့်ချိထားသည်။

ဂျာနယ်တွင် မြန်မာသင်္ဘောသားတစ်ဦး ပါဝင်သည့် ပင်လယ်ကူးသင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြအဖွဲ့က ၇၃ရက်ကြာ ပြန်ပေးဆွဲရာမှ ပြန်လည်လွတ်မြောက်လာခြင်း၊ ကျိုက်မရောမြို့နယ် ဓမ္မပါလကျောင်းဝင်းအတွင်း ထူးဆန်းစွာ သီးနေသော ငှက်ပျောပင်အား ရပ်နီးရပ်ဝေးမှ ဘုရားဖူးများလာရောက်ကြည့်ရှုခြင်း၊ မြို့နယ်များအလိုက် တယ်လီဖုန်းများ CDMA (800) MHZ WIL စနစ်ဖြင့် တပ်ဆင်ပေးမည့် သတင်း၊ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံပူးပေါင်း၍ စီးပွားရေးအခြေအနေ အကောင်းဆုံးအနေအထားတွင်ရှိခြင်း၊ ရန်ကုန်တိုင်းမြောက်ပိုင်း ပဲခူးရိုးမနှင့် ဆက်စပ်နေသောနေရာများကို တောဆင်ရိုင်းများ စားကျက်မြေ တိုးချဲ့လာခြင်း၊ ဒီဇင်ဘာလတစ်လတည်း ဝင်ငွေကျပ် ၁၁၈သန်း ကျော်ရရှိခဲ့သော ပြည်တွင်းရေကြောင်းလိုင်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော် ဂေါက်ကလပ်တွင် ပထမဆုံး ဂေါက်သီးရိုက်သင်တန်း အကယ်ဒမီကျောင်းဖွင့်မည်၊ မြန်မာနိုင်ငံတွင် ပထမဆုံး ပင်လယ်ကမ်းခြေတုတည်ဆောက်မည်ဆိုခြင်း၊ နိုင်ငံတကာအဆင့်မီ Professional Interior Design Course ဖွင့်လှစ်မည်၊ မြန်မာနိုင်ငံတွင် On Line ပညာရေးစနစ် ခေတ်စားလာစသည်တို့ အပါအဝင် သတင်းစုံ၊ ကဏ္ဍစုံ ဖော်ပြထားသည်။

အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် ဆက်သွယ် ဝယ်ယူလိုပါက Market Care ဖုန်း-၂၂၃၉၇၃၊ ၂၂၇၆၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်နေ့ (ဥပုသ်နေ့)

၂၉-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၂၅ ၇။ **အသက်ကလေးရယ်တဲ့ ရှည်စေလို**
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၀၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၇။ တေးဂီတအစီအစဉ်
- ၅း၂၅ ၈။ စုပေါင်းညီညာပြတဲ့ပွဲ ကျေးချောင်းရွာမှ ထမနဲပွဲ
- ၅း၃၅ ၉။ ပဋ္ဌလက်ကျောင်းတော်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၆)
- ၈း၀၀ ၁၄။ News
- ၁၅။ International News
- ၁၆။ Weather Report
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၃)
- ၁၈။ သီချင်းချစ်သူ(ပူစူး)
- ၁၉။ သီတဂူဆရာတော် အရှင်ဉာဏိ သရ၏ တပို့တွဲလပြည့် သီတဂူ ဩဝါဒပါတိမောက် အခါတော်နေ့ တရားတော်

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

ရန်ကုန် ဇန်နဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၉ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စစ်ရေးပူးပေါင်း ဆောင်ရွက်ရန် နေတိုးနှင့်ရုရှား တွေ့ဆုံဆွေးနွေး

ဘရပ်ဆဲလ် ဇန်နဝါရီ ၂၈

နေတိုးအဖွဲ့နှင့် ရုရှားစစ်ဘက်ဆိုင်ရာ အကြီးအကဲတို့သည် ဇန်နဝါရီ ၂၆ ရက်တွင် ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ ယင်းမှာ ၂၀၀၈ခုနှစ် ဩဂုတ်လအတွင်း ရုရှားနှင့်ဂျော်ဂျီယာနှစ်နိုင်ငံ စစ်ပွဲဖြစ်ပွားပြီးနောက် ယခုအခါ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

တွေ့ဆုံ

အဆိုပါဆွေးနွေးပွဲသည် နေတိုးအဖွဲ့ဝင် ၂၈ နိုင်ငံစစ်ဘက်အကြီးအကဲများ အစည်းအဝေးမတိုင်မီ ရုရှားကာကွယ်ရေးဌာနမှ ဗိုလ်ချုပ်ကိုနီလာမာကာရို့ဗ်နှင့် နေတိုးစစ်ကော်မတီအကြီးအကဲတို့ ကြိုတင်တွေ့ဆုံသော ဆွေးနွေးပွဲဖြစ်သည်။

အမြင်ချင်းဖလှယ်

၎င်းတို့အနေဖြင့် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်တကွ စစ်လက်နက်ထောက်ပံ့ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေးအပြင် ပင်လယ်ပြင်၌ ရှာဖွေကယ်ဆယ်ရေး၊ ပင်လယ်ဓားပြချေမှုန်းရေးနည်းလမ်းတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ



နိုင်ငံတကာအာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်) ၂၀၂၀ပြည့်နှစ်တိုင် အသုံးပြုမည်

မော်စကို ဇန်နဝါရီ ၂၈

နိုင်ငံတကာအာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)(အပေါ်ပုံ)ကို ၂၀၂၀ပြည့်နှစ်တိုင်အောင် ဆက်လက်အသုံးပြုရေးအတွက် သက်ဆိုင်ရာနိုင်ငံများအားလုံးက သဘောတူညီလိုက်ပြီဖြစ်ကြောင်း ရုရှားဒုံးပျံနှင့်အာကာသကော်ပိုရေးရှင်း အကြီးအကဲ ဗစ်တာလီလိုပိုတာက ဇန်နဝါရီ ၂၇ရက်တွင် ထုတ်ဖော်ပြောကြားသည်။

သဘောတူညီ

အိုင်အက်စ်အက်စ် စတင်တည်ဆောက်ခဲ့စဉ်က ၂၀၁၅ခုနှစ်တိုင်အောင် အသုံးပြုရန် သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ အဖွဲ့ဝင်နိုင်ငံများက ၂၀၂၀ ပြည့်နှစ်တိုင်အောင် သက်တမ်းတိုးအသုံးပြုရန် သဘောတူညီခဲ့ကြသည်ဟု မော်စကို၌ ကျင်းပသည့် အာကာသပျံသန်းရေးဆိုင်ရာ အစည်းအဝေး၌ လိုပိုတာက ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်မှတ်ရေးထိုး

အဆိုပါသဘောတူညီမှုကို လာမည့် လပိုင်းအတွင်း လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြို့တော်ကဘူးလ်၌ ပေါက်ကွဲမှုဖြစ်ပွား

ကဘူးလ် ဇန်နဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်ရှိ နေတိုးစစ်စခန်းအနီး၌ ဇန်နဝါရီ ၂၆ရက် မွန်းလွဲပိုင်းက အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ အရပ်သားခြောက်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

နေတိုးတပ်ဖွဲ့ဝင်များ ဖြတ်သန်းသွားလာစဉ် အသေခံဗုံးဖောက်ခွဲရေးသမားက ကားဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံဗုံးခွဲသမားမှာသေဆုံးသွားပြီး အရပ်သားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းသတင်း၌ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ မော်စကို၌ ဖေဖော်ဝါရီတွင် လက်ခံကျင်းပမည်

မော်စကို ဇန်နဝါရီ ၂၈

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရုရှားနိုင်ငံ မော်စကိုမြို့၌ ဖေဖော်ဝါရီလအတွင်း လက်ခံကျင်းပရန် စီစဉ်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗို့က ဇန်နဝါရီ ၂၆ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ စေ့စပ်ပေးရေးအဖွဲ့ လေးဖွဲ့ဖြစ်သည့် အမေရိကန်၊ ရုရှား၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်မည်ဖြစ်သည်။ အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရန် တိုက်တွန်းထားပြီး ၂၀၀၃ ခုနှစ် လမ်းပြမြေပုံကို ၎င်းတို့က ရေးဆွဲထားကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးရရှိရန်မှာ အစ္စရေးနှင့် ပါလက်စတိုင်းတို့သာမက လက်ဘနွန်နှင့် ဆီးရီးယားတို့အကြား၌ ပုံမှန်ဆက်ဆံရေး တည်ဆောက်နိုင်မှုသည် အဓိကအချက်အဖြစ်ပါဝင်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဗီယက်နမ် ပြည်နယ်နှစ်ခု၌ ကြက်ငှက်တုပ်ကွေး ပြန်လည်ဖြစ်ပွား

ဟနွိုင်း ဇန်နဝါရီ ၂၈

ဗီယက်နမ်နိုင်ငံ ပြည်နယ်နှစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါများ ပြန်လည်ဖြစ်ပွားလျက်ရှိရာ မွေးမြူရေးခြံများရှိ တိရစ္ဆာန်ကောင်ရေ ၄၀၀၀နီးပါး ၎င်းရောဂါပိုးကျရောက်နေသည်ဟု ဇန်နဝါရီ ၂၆ရက်တွင် ဗီယက်နမ်နိုင်ငံ ကြက်ငှက်တုပ်ကွေးကာကွယ်တားဆီးရေး အမျိုးသားကော်မတီက ပြောကြားသည်။

တွေ့ရှိ

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်မှ ကာစမာပြည်နယ်၌ ခရိုင်နှစ်ခုရှိ ကြက်နှင့်ဘဲကောင်ရေ ၃၀၀၀တွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိရကြောင်း၊ ထို့ပြင် နိုင်ငံအလယ်ပိုင်းရှိ ဟာတန်ပြည်နယ်တွင် ကြက်နှင့်ဘဲ ဖ၅၈ကောင်မှာလည်း ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်နေသည်ဆိုသည်။ ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ မွေးမြူရေးခြံများအားလုံးတွင် ကာကွယ်ဆေးများ အသုံးပြုလျက်ရှိကြောင်း သက်ဆိုင်ရာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လျှောင်လှုပ်ပြီး ၁၅ရက်အကြာ ဟေတီမိန်းကလေး အသက်ရှင်ဆဲ

ပို့အော်ပရင့်စ် ဇန်နဝါရီ ၂၈

ဟေတီနိုင်ငံသည် အကြီးအကျယ် ငလျင်လှုပ်ခဲ့ပြီး ၁၅ရက်အကြာ မြို့တော်ပို့အော်ပရင့်စ်ရှိ ပြိုကျနေသော နေအိမ်တစ်အိမ်အောက်မှ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးကို အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ဖော်ပြ

သူမ၏အမည်မှာ ဒါလိုင်းဟုခေါ်ဆိုပြီး အသက် ၁၆နှစ်မျှသာ ရှိသေးကြောင်း၊ သူသည် အလွန်ရေဆာနေပြီး ပေါင်၌ ထိခိုက်ဒဏ်ရာရထားကြောင်း၊ ပြင်သစ်နှင့် ဟေတီကယ်ဆယ်ရေးအဖွဲ့က သူမအား အုတ်ပုံကြားမှ ဆွဲထုတ်ကယ်ဆယ်ခဲ့ရကြောင်း သတင်း၌ ဖော်ပြသည်။

ယခုအခါ အရေးပေါ်ဆရာဝန်များနှင့် ကုသလျက်ရှိပြီး အသက်ရှင်ဖွယ်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဘယ်လ်ဂျီယံနိုင်ငံ လိဂ်မြို့၌ ဓာတ်ငွေ့အိုးပေါက်ကွဲသဖြင့် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးပမ်းမီးငြိမ်းသတ်နေကြသည်ကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။ (အဆိုပါ မီးလောင်မှုတွင် လူ၂၀ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ဖလူးဂျာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဖလူးဂျာ ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံ အကြမ်းဖက်မှုထူပြောရာ ဖလူးဂျာမြို့အနီး၌ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်းနှင့် အဆိုပါဒေသ၌ပင် ပုပ်ပွနေသော အလောင်းရှစ်လောင်းကို တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

ပျက်စီး

ဂါမာမြို့ ရဲတပ်ဖွဲ့ကင်းလှည့်ရာနေရာအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိကာ ရဲကားတစ်စီး အပါအဝင် အနီးရှိလူနေအိမ်များနှင့် ကားများ ပျက်စီးခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်မောင်းသူမဲ့လေယာဉ် ပါကစ္စတန်၌ ပျက်ကျ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၈

အမေရိကန်မောင်းသူမဲ့ လေယာဉ်တစ်စင်း ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုနေထိုင်ရာဒေသတွင် ပျက်ကျကြောင်း ဒေသခံများက ပြောကြားသည်။ ပါကစ္စတန်မြောက်ပိုင်းဒေသရှိ ဝါဇီရစ္စတန်ပြည်နယ် မီရန်ရှားမြို့၌ မောင်းသူမဲ့လေယာဉ်တစ်စင်းကို ဒေသခံလူမျိုးစုများက ပစ်ချခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး အင်ဒိုနီးရှားကြိုးပမ်း နှစ်စဉ် သစ်ပင်သန်းတစ်ထောင်စိုက်ပြီး သစ်တောများထိန်းသိမ်းမည်

အနောက်ဂျာဗား ဇန်နဝါရီ ၂၈

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကြိုးပမ်းချက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံက နှစ်စဉ်သစ်ပင်သန်းတစ်ထောင် စိုက်ပျိုးပြီး သစ်တောပြုန်းတီးမှုကို တိုက်ဖျက်သွားရန် စီစဉ်ထားကြောင်း သမ္မတဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

တရားမဝင် သစ်ပင်ခုတ်လှဲမှုကြောင့် သစ်တောပြုန်းတီးမှုများကိုကာမိစေရန် အင်ဒိုနီးရှားနိုင်ငံက သစ်ပင်သန်းပေါင်းများစွာကို စိုက်ပျိုးထားကြောင်း သမ္မတယူဒိုရိုနိုက ထုတ်ဖော်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ တရားမဝင်သစ်ခုတ်ခြင်း၏ အကြောင်းရင်းမှာ သစ်တောထိန်းသိမ်းရေးဥပဒေများကို ကောင်းစွာအကောင်အထည်မဖော်နိုင်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

ကာကွယ်ထိန်းသိမ်း

ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးကာကွယ်ရန်အတွက် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊ သို့အတွက် မိမိတို့၏ သစ်တောများကို ကာကွယ်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း ယူဒိုရိုနိုက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ဟေတီတွင် လျှောင်လှုပ်ပြီး ၁၄ရက်အကြာ အပျက်အစီးများကြားမှ အမျိုးသားတစ်ဦးကို ကယ်ဆယ်နိုင်

ပို့အော်ပရင့်စ် ဇန်နဝါရီ ၂၈

ဟေတီနိုင်ငံမြို့တော် ပို့အော်ပရင့်စ်၌ အင်အားပြင်းငလျင်လှုပ်ပြီး ၁၄ရက်အကြာ ဇန်နဝါရီ ၂၆ရက်က အပျက်အစီးများကြားမှ အမျိုးသားတစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် ၃၁နှစ်အရွယ်ရှိသော အဆိုပါအမျိုးသား(ဝဲပုံ)အား ကယ်ဆယ်နိုင်ခဲ့ချိန်တွင် အစာရေစာ ပြတ်လပ်နေသဖြင့် ရေဓာတ်ခန်းခြောက်မှုဝေဒနာကို အပြင်းအထန်ခံစားနေရပြီး သူ၏ခြေထောက်လည်း ကျိုးနေကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။ *(အင်တာနက်)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ပါကစ္စတန်နိုင်ငံ ဈေးအတွင်း၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း အက်တော့ခ်ခရိုင်ဈေးအတွင်းရှိ တေးသီချင်းစီဒီခွေအရောင်းဆိုင်အတွင်း၌ ဇန်နဝါရီ ၂၈ရက်က ဗုံးပေါက်ကွဲသဖြင့် ခြောက်ဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

ဖိလစ်ပိုင်အရှေ့ပိုင်း၌ မြေငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းကမ်းလွန်တွင် ဇန်နဝါရီ ၂၈ရက် နံနက်စောစောပိုင်းက အင်အားရစ်ချ်တာစကေး ၆ အဆင့်ရှိ မြေငလျင်လှုပ်သွားကြောင်း ဖိလစ်ပိုင်အစိုးရ မြေငလျင်တိုင်းထွာရေးဌာနက သတင်းထုတ်ပြန်သည်။

ဘရာဇီး ဆော်ပေါလို၌ မိုးကြီးစွာရွာသွန်း၊ ၆၄ဦးသေဆုံး

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း ဆော်ပေါလိုပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးရေလွှမ်းသဖြင့် ၆၄ဦး သေဆုံးသွားကြောင်း ဘရာဇီးနိုင်ငံ မြို့ပြကာကွယ်ရေးဌာနက ဇန်နဝါရီ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်တောင်ပိုင်း၌ မိုးခေါင်၍ သောက်သုံးရေပြတ်လပ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများတွင် နှစ်ပေါင်း ၅၀အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုဖြစ်ပွားသဖြင့် လူသုံးသန်းကျော် သောက်သုံးရေပြတ်လပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနအရာရှိများက ပြောကြားသည်။

နော်ဝေပင်လယ်၌ ရဟတ်ယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

နော်ဝေနိုင်ငံအရှေ့တောင်ပိုင်းရှိ ရေခဲလုမတတ်အေးမြသော ပင်လယ်ထဲသို့ ဇန်နဝါရီ ၂၇ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျသဖြင့် ရဟတ်ယာဉ်ပေါ်ပါသည့် လေးဦးသေဆုံးကြောင်း နော်ဝေသတင်းဌာန (အင်န်တီဘီ)က သတင်းထုတ်ပြန်သည်။

တရုတ်၌ A(H1N1) ရောဂါဖြစ်ပွားမှုကျဆင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်မကြီးတွင် လွန်ခဲ့သည့်သီတင်းပတ်၌ A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူသည် တစ်နိုင်ငံလုံး တုပ်ကွေးဖြစ်ပွားသူအားလုံး၏ ၂၆ ဒသမ ၈ ရာခိုင်နှုန်းအထိသာရှိကြောင်း၊ ယခင်သီတင်းပတ်က ၃၉ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ကျဆင်းသွားကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၇ရက်၌ ထုတ်ပြန်သည့် ဝက်ဘ်ဆိုက်အရ သိရသည်။

နီကိုးရှားတွင် မီးလောင်ပေါက်ကွဲ၍ နှစ်ဦးသေဆုံး

ဆိုက်ပရပ်စ်နိုင်ငံ မြို့တော်နီကိုးရှားရှိ တိုက်ခန်းတစ်ခန်းတွင် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာမှ နှစ်ဦးသေဆုံးသွားကြောင်း၊ ယင်းသေဆုံးသူနှစ်ဦးမှာ ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြောင်း ဆိုက်ပရပ်စ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီရူးတွင် မိုးကြီး၊ မြေပြို၊ ခုနစ်ဦးသေဆုံး

ပီရူးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီးမြေပြိုရာမှ ခုနစ်ဦးမြေပိသေဆုံးသွားကြောင်း၊ ပီရူးနိုင်ငံယဉ်ကျေးမှုထွန်းကားရာ မာချူပစ်ချူမြို့ဟောင်းဒေသ၌ ကမ္ဘာလှည့်ခရီးသည် ၂၅၀၀ကျော်တို့ရောက်ရှိနေစဉ် မြေပြိုရာမှ ကမ္ဘာလှည့်ခရီးသည်ခုနစ်ဦး သေဆုံးသွားရခြင်းဖြစ်ကြောင်း သိရသည်။ ***(အောက်ပုံ)***

မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှု၊ သုံးဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်ဟိုးဟော့တွင် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက မီးရှူးမီးပန်းစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် သုံးဦးသေဆုံးသွားကြောင်း အတည်ပြုချက်ရရှိသည်။ သေဆုံးသူဦးရေတိုးလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ဇန်နဝါရီ ၂၅ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်း အမှတ် ၅၈နေ ဦးသန်းဆွေ-ဒေါ်ညိုညို ညိမ်းဝင်းတို့၏ သားငယ် မောင်ဟိန်းထက်အောင်၏ နှစ်နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အတွက် ဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင် ငွေကျပ်သုံးသိန်းတစ်သောင်းခုနစ်ထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အုတ်တွင်းမြို့နယ် ဂူကြီးကုန်းကျေးရွာ ကျေးလက်လမ်း ကျောက်ချောခင်း

အုတ်တွင်း ဇန်နဝါရီ ၂၈

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဂူကြီးကုန်းကျေးရွာ ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့က ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

မင်းဘူးခရိုင် စလင်းမြို့နယ် တညောင်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စာကြည့်တိုက်ဥပစာ၌ ဇန်နဝါရီ ၁၄ရက်က ကျင်းပရာ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်၊ စလင်းမြို့နယ်ဥက္ကဋ္ဌ ဦးလှထွဋ်၊ စလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းအောင်၊ တညောင်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တညောင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်ငွေစိုးတို့က တညောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု တာချီလိတ်၌ လက်တွေ့သရုပ်ပြ

တာချီလိတ် ဇန်နဝါရီ ၂၈

တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက်၉နာရီက တာချီလိတ်မြို့နယ် မီးသတ်တပ်ဖွဲ့ စခန်း၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်အောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်က မီးဘေးကြိုတင်တားဆီးကာကွယ်ရေးနှင့် ခေတ်မီ မီးသတ်ကိရိယာများဖြင့် မီးငြိမ်းသတ်မှုကို ရှင်းလင်းပြောကြားသည်။

လက်တွေ့လေ့ကျင့်

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီ မီးသတ်ကိရိယာများဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသကြပြီး တက်ရောက်လာကြသူများက မီးငြိမ်းသတ်မှုကို လက်တွေ့လေ့ကျင့်ခဲ့ကြသည်။

(အောက်ပုံ) (ဝ၁၆)

ကတ္တရာခင်း

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေး စီမံချက်အရ စက်ကုန်းပိုင်းရပ်ကွက် မဟာဗန္ဓုလလမ်း ကတ္တရာခင်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အတိတ်၏အရိပ် လာမည့်သောကြာရုံတင်မည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၂၈

ယခုသောကြာပတ်တွင် ဇာတ်ကားသစ်များရုံဝင်လာခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသနေသည်။ လာမည့်သောကြာပတ် ဖေဖော်ဝါရီ ၅ရက်တွင် ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးပြီး အောင်သူရနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသည့် အတိတ်၏အရိပ် ဇာတ်ကားသစ် ရုံဝင်လာမည်ဖြစ်သည်။

ရှေ့ရှိတဲ့အချစ်များ

ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူးပြီး ခန့်စည်သူ၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကိုတို့ ပါဝင်ထားသည့် **ရှေ့ရှိတဲ့အချစ်များ** ဇာတ်ကားမှာ သမ္မတ၊ သွင်၊ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် အရှိန်အဟုန်ကောင်းနေဆဲ ဖြစ်သည်။

လာမည့်သောကြာပတ်တွင် ရုံဝင်လာမည့် အတိတ်၏အရိပ်မှ အောင်သူရနှင့် အိန္ဒြာကျော်ဇင်။

နိုင်ငံခြားဇာတ်ကားများ

ကိုရီးယားအဆိုတော် ရုပ်ရှင်မင်းသား ရိန်း အဓိကပါဝင်ထားသည့် Ninja Assassin အက်ရှင်ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဒုတိယပတ်မြောက် ပြသနေဆဲဖြစ်ပြီး သိပ္ပံစိတ်ကူးယဉ် ဂြိုဟ်သားဇာတ်ကား Avatar မှာ ရွှေ့ဆောင်ရုံတွင် တတိယပတ်မြောက် ပြသမည်ဖြစ်သည်။ မင်္ဂလာရုံတွင် 2012 ဇာတ်ကား ရုံဝင်လာသည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် အိန္ဒိယတောင်ပိုင်း ဝါရင့်သရုပ်ဆောင် အက်ရှင်မင်းသား ရာဂျားနီးလ် အဓိကပါဝင်ထားသည့် Sivaji The Boss ဇာတ်ကား ပြသနေပြီး ဆုထူးပန်ရုံတွင် အိန္ဒိယစူပါသေနတ်မင်းသား အက်ရှ်ကူးမားနှင့် စူပါမော်ဒယ်လ်မင်းသမီး ကရီးနားကပူးရ်တို့ ပါဝင်ထားသည့် Kambakkht Ishq အင်္ဂလိပ်စာတန်းထိုး အချစ်ဟာသအက်ရှင်ဇာတ်ကားရုံဝင်လာသည်။ ဘုရင့်ရုံတွင် Ashiq ဒရာမာဇာတ်ကားကို ကြည့်ရှုကြရမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်ပွဲတော်

အိန္ဒိယရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ နေ့စဉ် ၆နာရီခွဲနှင့် ၉နာရီခွဲပွဲများအဖြစ် နေပြည်တော်ရုပ်ရှင်ရုံတွင် ပြသမည်ဖြစ်သည်။ Agantuk, Kannathll Muthamittal, Baadshah, Devdas, Sholay, Golmaal, Kabhi Haan Kabhi Naa ဇာတ်ကားများ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ရာသီဘွဲ့ အက်ဆေး

လတပို့တွဲ မီးဖုန်းပွဲနှင့် ထမနဲပွဲတော်

ရေးသားသူ ➤ ရွှေဘိုသီရိမင်္ဂလာ

တပို့တွဲလသည် မြန်မာမှုအရ ကံ့ရာသီခေါ်၍ ၄င်းလတွင် စန်းပြည့်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်သည်။ စန်းယှဉ်သောတာရာမှာ ချိန်တာရာဖြစ်ပြီး ရာသီရုပ်မှာ ရေထမ်းသမားရုပ်ဖြစ်သည်။ ရာသီပန်းကား ဆူးပန်း၊ ပေါက်ပန်း၊ လဲပန်းဖြစ်၏။ ရာသီပွဲတော်ကား မီးဖုန်းအလှူပွဲနှင့် ထမနဲပွဲဖြစ်လေသည်။ နံနက် ၆နာရီ မိနစ် ၂၀တွင် နေထွက်၍ ညနေ ၅နာရီ မိနစ် ၄၀တွင် နေဝင်လေ့ရှိသဖြင့် ညတာသည် နေ့တာထက် ပို၍ရှည်သည်။ ရက်မစုံသောလဖြစ်၍ ရက်ပေါင်း ၂၉ရက်သာ ရှိသည်။ တပို့တွဲလတွင် မြန်မာနာရီ ရေးခေတ်အယူအဆတွင် နေ့ ၂၆နာရီ၊ ည ၃၆နာရီ ရှိသည်။ ရှေးမြန်မာတို့ စံတော်ချိန်သတ်မှတ်ချက်အရ နေမွန်းတည့်မှ ၅-ဖဝါး သာရှိသည်။ ထို့ကြောင့် ကင်းဝန်မင်းကြီး သံပေါက်တိုလေးတွင်ကား **"တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ"** ဟူ၍ ရေးစပ်ခဲ့လေသည်။

အလှနှင့် သဘာဝ

ထို့ပြင် စာဆိုတော်များက "တပို့တွဲ၊ ပေါက်လဲရယ် ငုံစီစီ၊ ဖူးတံကချီ၊ သည်ရာသီ-ဘာဟီကအိုအပေါင်း၊ ပျိုတို့မောင်ရွှေယောင် တွဲငယ်နှင့် လွဲပေ့ါသည်ဆောင်း" ဟူ၍ ရာသီအလှနှင့် အလွမ်းဓာတ်ရှိသူ မယ်က အနွေးကို တမ်းတနေစဉ် လွဲရပြန်ပုံကို လှလှ ပပ ဖွဲ့ဆိုထားလေသည်။ စာဆိုတော် ဦးကြော့ကလည်း- "ရွှေယုဂန်နန်း၊ ညီမြကစခန်းခိုခလျှုံထူ၊ ချမ်းဆိုမှုစံမတူသည်၊ သယမ္ဘူသော်မှ၊ မီးမယ်ဖျူးရွှေလက်ကင်သည်၊ ရေစက်သွင်အေးတဲ့သည်လ၊ ဆင်ထိမ့်ရာသိမ့်သိမ့်ဖြာသည်၊ ခြိမ့်တာရာမဃ၊ ငြိမ့်သာယာတိသိကြွလို့၊ သိသီရစက်ခွင်၊ ထန်းဆော်လေလဲဝါနှင့်ယှဉ် ပွဲယာဂုမီးပုန်းတော်တင်" စသည့် တပို့တွဲလ၏အလှနှင့် သဘာဝတို့ကို ဖွဲ့ဆိုခဲ့၏။

ဆက်ရက်သံစာစာ

အချို့စာဆိုများ၊ ပညာရှိများက တပို့တွဲလ၏ အဓိပ္ပာယ်ကို ထန်းဖူး၊ ထန်းဖူးခိုင်တို့၏ အောက်သို့တွဲလွဲ ညွတ်ကိုင်းဆွဲဆိုင်းစေသည်၊ ညွတ်ကိုင်းဆွဲဆိုင်းအောင်ပြုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဆိုလိုသည်မှာ တပို့တွဲလတွင် ထန်းသမားတို့သည် ထန်းရည်ကောင်းစွာ ထွက်၍ ထန်းရည်ခံရာတွင် လွယ်ကူစေရန် ထန်းဖူး ထန်းခိုင်တို့နှင့်တကွ ပတ်လည်ရှိ ထန်းလက်တို့အား အောက်သို့ ညွတ်ကိုင်း ဆွဲဆိုင်းလာအောင် ခြေဖြင့် နင်းနှိပ်ချလေ့ရှိကြပေ၏။ ၄င်းကို ထန်းယဉ်နင်းသည်ဟု အများအားဖြင့်ခေါ်ကြသည်။ မယ်ခွေ၏ တပို့တွဲလ အဲချင်းတွင်- "မြူးဥမှုတိမ်စုံလေ၊ သတ္တဗီဿျ၊ နက္ခတ္တနှင့် ယှဉ်ကြမလွဲ၊ တပို့တွဲ၌၊ ပေါက်လဲငုံကင်း၊ (ထန်းယဉ်ငယ်နင်းကြသည်) နင်းထုံထုံငယ်နှင့်လေ" ဟူ၍လည်းကောင်း၊ ၄င်းဦးကြင်ဥ၏ ရာသီဘွဲ့ညည်းချင်း တပို့တွဲလဘွဲ့တွင် "ထန်းယဉ်နင်း၊ ပေါက်ကင်းတဲ့လဲငုံ၊ ဆက်ရက်ကယ်သာကာနှင့်၊ ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပူပုံ၊ စရိုက်ကယ်လှို၊ ပင်မြုံမြင့်သိုက်နန်း၊ ထွက်စီးငယ်ဂှန်၊ ကျောက်စက်ကယ်ရေတံခွန်နှင့် ဟေမဝန် သာယာနုပါဘိ၊ ယွန်းလုငွေဆန်း" ဟူ၍လည်းကောင်း ဖွဲ့ဆိုခဲ့ပါသည်။ ဆရာကြီး ဦးဖိုးလ၏ အယူအဆမှာ တပို့တွဲဟူသော ပုဒ်သုံးပုဒ်ကို ပေါင်းစပ်လိုက်လျှင် တပို့တွဲလဆိုသည်မှာ ထန်းဖူး၊ ထန်းခိုင်တို့အား အောက်သို့ ညွတ်ကိုင်း အောင် ပြုသောလ၊ ထန်းယဉ်နင်းလဟူ၍ အဓိပ္ပာယ်ရသည်။ မဟာအတုလမင်းကြီး၏ တပို့တွဲလအဖွဲ့တွင် "ပေါက်လဲငယ်ပွင့်ရုံ၊ ထိန်ထိန်ငယ်လျှံသည်၊ ဆက်ရက်သံစာစာနှင့် ငှက်ညီလာကျင်းတဲ့လကိုလေး၊ ဂုံဟေမန်ငယ်၊ ဆင်ကြည်သွင်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲရှင်မျော်၊ ယာဂုတော်နှင့်" စသည်ဖြင့် ဖွဲ့ဆိုထားပါသည်။ စာဆိုတော်ဦးအောင်ကြီးကလည်း " သာစွာ့လေ၊ နေလည်းချမ်းမြ၊ လလည်းနှင်းရီ၊ ပီပီမထွန်း၊ တောင်ထိပ်ဝန်းလည်း၊ ဆူးပန်းလဲပေါက်၊ ဝင်းဝင်းတောက်လျှက်၊ ကမ်းလျှောက်ရေးရေး၊ သဲဖြူဖွေးနှင့်၊ ငှက်ကျေးပျံကြွ၊ ကောင်းကင်လဝယ်၊ မာသယှဉ်မှီ၊ ကုံရာသီဟု၊ အညီခေါ်မြဲ၊ တပို့တွဲမူ" စသည်ဖြင့် ဖွဲ့ဆိုလေသည်။ ဝက်မစွတ်မြို့စားမင်း၏ ဧချင်းတစ်စောင်တွင်လည်း "ထန်းဆော်လေသက်၊ ပင်ခြေတက်လည်း၊ ရော်ရွက်မြေနွဲ၊ ကြွေမစဲနှင့်၊ ပေါက်လဲငုံမြန်း၊ မံသစဏ်းသို့၊ လျှံလန်းနီဝင်း၊ စုံခပင်းမူ" ဟု ထန်းဆော်လေကို ထည့်သွင်းဖွဲ့ဆိုထားပေသည်။

မီးဖုန်း(ပုန်း)ပွဲ

မီးဖုန်းအဓိပ္ပာယ်မှာ- မီးဖုန်းသည် ပါဠိဘာသာစကား ပုညပုဒ်မှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်သည်။ (ပုည=ပုန်း=ပုန်း-ဖုန်း) အဓိပ္ပာယ်မှာ ပုညပုဒ်၏ အဓိပ္ပာယ်အတိုင်း ကောင်းမှု၊ ကုသိုလ်၊ အလှူဟု ဆိုလိုပေသည်။

ထို့ကြောင့် မီးဖုန်းပွဲသည် မီးကုသိုလ်ပွဲ၊ မီးအလှူပွဲဟု ဆိုလိုပေသည်။ အမှန်စင်စစ် အလွန်အေးမြသော တပို့တွဲလတွင် ဘုရားဆင်းတုများရှေ့၌ မီးဖိုရန်၊ ရဟန်းသံဃာများနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံရန် နံ့သာထင်း၊ မယ်ဖျူး (မီးအိုးကင်း)စသည်တို့ကို ကျောင်းဘုရားတို့သို့ လှူဒါန်းသည့်ပွဲကို မီးဖုန်းပွဲဟုခေါ်ပါသည်။ သက္ကရာဇ် ၆၅၃ခုနှစ်စွဲ ပုဂံစောလုဝန်ဘုရားကျောက်စာ-ကျော-၂၂-၂၃တွင် "မီးဖုန်၊ သင်္ကြန်၊ စာရိယ၊ ညောင်ရိယ်သွန်၊ မဖြတ်စိတ်လျှင်တည်၏" ဟု ရေးထိုးထားသည်ကို ထောက်ရှုလျှင် ဤမီးဖုန်းပွဲကား ပုဂံခေတ်ကပင်ရှိခဲ့သော အလှူဖြစ်ကြောင်း ထင်ရှားပေသည်။ စာရေးသူ၏ အဘွားသည် ကျွန်မတို့ငယ်စဉ်က သနပ်ခါးချောင်းများကို အနအရင့်သိမ်းဝယ်ပြီး လက်သန်းလောက်ကလေးများစိတ်၍ နေလှန်းထားပြီးလျှင် တပို့တွဲလတွင် ဘုရားဆင်းတုတော်ရှေ့တွင် မီးပူဖော်လေ့ရှိသည်။ ထိုသို့ အိုးကင်းဖြင့် မီးပူဖော်သောဓလေ့သည် ကျွန်မတို့ ရွှေဘိုတွင် ရှိနေပါသေးသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ဖုန်းရစေ (ကုသိုလ်ရစေ) ဖုန်းသည် ကုသိုလ်ရှင်၊ ကောင်းမှုရှင်၊ ဖုန်းပေး၊ ကုသိုလ်ပေး၊ ဖုန်းမှု (ကုသိုလ်မှု၊ ကောင်းမှု) စသည်ဖြင့် ရေးသား သုံးနှုန်းထားသဖြင့် ဖုန်းပုဒ်ကို ကုသိုလ်ကောင်းမှုအဖြစ် သုံးစွဲခဲ့ကြသည်။

ပြောင်းလဲရေးသား

ရေးသားပုံအမျိုးမျိုးတွင်- ပုဂံ၊ ပင်းယ၊ အင်းဝခေတ်တို့၌ မီးဖုန်းပွဲတော်ဟု အစဉ်တစိုက် ရေးသားလာခဲ့ကြသော်လည်း နောက်ပိုင်းခေတ်များ၌မူ မီးဖုံး၊ မီးပုန်း၊ မီးပုံ၊ မီးပုံဟု အမျိုးမျိုး ပြောင်းလဲရေးသားလာကြသည်ကို တွေ့ရသည်။ ဥပမာ-စာဆိုတော် ဦးအောင်ကြီး လူးတားတွင် "ပူဇော်ရှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံးသဘင်၊ သူကြီးယင်သည်" ဟူ၍လည်းကောင်း၊ ဦးသြ၏ ကဝိလက္ခဏာသတ်ပုံ(ညောင်ရမ်းခေတ်နောက်ဆုံးပိုင်း)တွင် "စာရေးမီးဖုံး၊ ထင်းသွေ့ရှန်း၊ သမုံးရေသဖန်း" ဟူ၍လည်းကောင်း၊ ဦးယာ၏ တပို့တွဲလဘွဲ့ လူးတားတွင် "သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊ လှူတော်မူမြဲ၊ ရာသီပွဲ" ဟူ၍လည်းကောင်း စပ်ဆိုထားခဲ့ပါသည်။ ကုသိုလ်ပျို့တွင် စပ်ဆိုခဲ့ပုံမှာ "ယာဂုလှူဒါ၊ တေဇာပွားပြုံး၊ မီးဖုံးလှူမြဲ၊ လှူသည့်ပွဲနှင့်" ဟူ၍ ပုံစံတစ်မျိုး စပ်ဆိုခဲ့ကြသည်ကိုလည်း တွေ့ရပေသည်။ ထို့အပြင် ကင်းဝန်မင်းကြီး၏ ရာသီဘွဲ့သံပေါက်တွင် "ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ" ဟူ၍ စပ်ဆိုသလို "ကုံရာသီခါ၊ ပွဲတော်မှာ၊ ယာဂုမီးပုံထား" ဟူ၍ အမည်မသိစာဆိုက စပ်ဆိုခဲ့ကြပြန်သည်။

ကောက်သစ်ပွဲတော်

ထမနဲပွဲသည် တပို့တွဲတွင်ကျင်းပသော ရာသီပွဲဖြစ်သည်။ ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်း၊ ချင်း၊ အုန်းသီးဆန် စသည့် သီးနှံသစ်များ ပေါ်ချိန်တွင် ထမနဲထိုးကာလှူဒါန်း ဝေငှသောကြောင့် မြန်မာတို့၏ ကောက်သစ်ပွဲတော်ဟု ဆိုရပေမည်။ ရှေးခတ်စာပေ အထောက်အထားများအရ တပို့တွဲလတွင် ယာဂုအလှူပွဲလည်း ရှိခဲ့သေးသည်ကို တွေ့ရှိရသည်။ ယာဂုသည် ဆန်ကို နို့နှင့်ဖြစ်စေ၊ ရေနှင့်ဖြစ်စေ ကျိုချက်ထားသော အရည်ပျစ်ပျစ် ဆန်ပြုတ်တစ်မျိုးဖြစ်သည်။ ယာဂုအလှူပွဲကို မီးပုံပွဲ (မီးဖုန်း)ပွဲနှင့် အတူကျင်းပခဲ့သည်။ ဦးပုည၏ အလှူခံမေတ္တာစာတွင် ယာဂုထမနဲဟု တွဲခေါ်ထားသဖြင့် ယာဂုဆိုသည်မှာလည်း ထမနဲပင်ဖြစ်သည်ဟု ယူဆရသည်။ ဆန်ကို ကျိုသောယာဂုနှင့် ကောက်ညှင်းကိုထိုးသော ထမနဲများကို အတူတကွ လှူဒါန်းခြင်းလည်း ဖြစ်နိုင်သည်။

မှတ်တမ်းတင်ထား

ထမနဲကို ထမင်းနဲ့ဟု ရှေးက ရေးသားကြသလို နှမ်းမနဲဟူ၍လည်း ခေါ်ကြသည်။ ထမင်းနဲ့ထိုးရာတွင် အချိန်အဆရှိပေသည်။ ရှေးပညာရှိများက ထမင်းနဲ့ကိုစားကောင်း၍ ကြာရှည်ခံရန် ထမနဲထိုးသည့်အခါ ထည့်ရမည့်အချိုးအစားကို မှတ်တမ်းတေးထပ်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်။ (သတ်မှတ်ချက်) "စားတော်ရဆန်ပေါက်ဝါ၊ လေးပြည့်သာထည့်၊ ချိန်ပိသာလျှံ၊ ကြည်ရွှဲအောင်လို့၊ နှမ်းဆီလဲထည့်ပြန်၊ မြေပဲဆံအဋ္ဌသုညငယ်နှင့်၊ ဒွတ္တိံသတိလဗီဇံ၊ အုန်းသီးစိတ်ကျပ်ဝိသံငယ်၊ လောကတံချိန်သတ်နှင့် ချင်းနုဖတ်သင်္ဂီမျှရွှေ၊ သုံးကျပ်မသွေ၊ နည်းစဉ်ဆက်သမုဆွေငယ်-ဥပဒေမော်ကွန်းပလေး" ဟူသည့် စာဆိုနှင့်အညီ ကောက်ညှင်းဆန် လေးပြည်တွင် မြေပဲ ရှစ်ဆယ်သား၊ အုန်းသီးစိတ် နှစ်ဆယ်သား၊ နှမ်း သုံးဆယ့်နှစ်ကျပ်သား၊ ဆား ခုနစ်ကျပ်သား၊ ချင်း သုံးကျပ်သားထည့်ရမည်ဟု တေးထပ်က ဆိုပါသည်။

ရိုးရာစဉ်လာမပျက်

တပို့တွဲလသည် ရွာလုံးကျွတ်ထမင်းနဲ့ထိုးသော အစဉ်အလာရှိသည်။ တစ်အိမ်နှင့်တစ်အိမ် ကူးသန်းဝေငှသည်။ ကျောင်းပေါ် ဇရပ်ပေါ်ရှိ ရုပ်ပွားဆင်းတုတော်များရှေ့၌ မီးမယ်ဖျူး (မီးအိုးကင်း)တွင် အမွှေးနံ့သာ သနပ်ခါးထင်းများထည့်၍ မီးရှို့ခြင်းဖြင့် မီးအလှူပေး **"မီးဖုန်းပွဲတော်"**ကျင်းပခြင်း၊ ထမနဲပွဲတော်ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြသည်။ ဤခေတ် ဤအခါ တိမ်ကော ပပျောက်သည့်နေရာတွင် ပပျောက်နေပြီဟု ဆိုနိုင်သော်လည်း ယနေ့အထိ ရိုးရာစဉ်လာမပျက် ဆက်လက်ရှိနေသည့်နေရာကို ညွှန်ပြရမည်ဆိုလျှင် ရာဇဌာနီ၊ မင်းနေပြည်ဖြစ်သည့် ရတနာသိင်္ဃမြို့တော်ပင် ဖြစ်ပါတော့သတည်း။ ။

ရာသီဥတုပြောင်းလဲမှု ဥပဒေနှင့် မူဝါဒဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရာသီဥတုပြောင်းလဲမှု ဥပဒေနှင့် မူဝါဒဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် သစ်တော ရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်တို့ ပူးပေါင်း၍ ဂျာမနီနိုင်ငံ Hanns Seidel Foundation (HSF) ၏ ပံ့ပိုးမှုဖြင့်ကျင်းပသည့် ရာသီဥတုပြောင်းလဲမှု ဥပဒေနှင့် မူဝါဒဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် အာရှပစိဖိတ်ဒေသရုံးမှ ကိုယ်စားလှယ် Dr.Wanhua Yang နှင့် Hanns Seidel Foundation (HSF) မှ Dr. Kerl-Peter Schoenfich တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ စာတမ်းဖတ်ကြားမည့် ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပိုမိုခိုင်မာစေရေး

အဆိုပါ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ အရာထမ်းကိုယ်စားလှယ် ၄၀ တို့ တက်ရောက်ကြပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ ဥပဒေကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှု ဥပဒေနှင့် မူဝါဒဆိုင်ရာ ဆောင်ရွက်မှုအခြေအနေ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှု ဥပဒေနှင့် ဆောင်ရွက်နေမှုအပေါ် ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းနှင့် အကြံပြုချက်၊ ရာသီဥတုပြောင်းလဲမှု ဥပဒေနှင့် မူဝါဒဆိုင်ရာ ကဏ္ဍများနှင့်စပ်လျဉ်း၍ ဇန်နဝါရီ ၂၉ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်း အထူးဈေးရောင်းပွဲတော် ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၈

(၁၆)နှစ်မြောက် မန္တလေး အောင်မြေသာစံမြို့နယ် ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်၏ အထူးဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီက ၂၂လမ်းနှင့် ၈၆လမ်းထောင့်အသင်းဆိုင်တွင် ပြုလုပ်သည်။

ရည်ရွယ်ချက်

ရှေးဦးစွာ အသင်းအစည်းအဝေးခန်းမတွင် ဦးစီးအရာရှိ ဦးအောင်ဝင်းနှင့် အဖွဲ့အား အသင်းဒါရိုက်တာ ဥက္ကဋ္ဌ ဦးဘကြည်နှင့် စာရင်းကိုင်တာဝန်ခံ ဦးထွဏ်းလှအောင်တို့က (၁၆)နှစ်မြောက် အထူးဈေးရောင်းပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံအားပေး

ထို့နောက် အသင်းသူ အသင်းသားများအား ငွေကျပ် ၃၅၀၀တန်ပစ္စည်း ဝယ်ယူအားပေးလျှင် ရွှေဘိုမနော်ဆန် ငွေကျပ် ၁၁၅၀တန် တစ်ပြည်လက်ဆောင်ပေးပြီး ရောင်းချနေခြင်းကို ကြည့်ရှုကာ **(အပေါ်ပုံ)** ဦးစီးအရာရှိက အသင်းသူ အသင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

(ဝ၉ဝ)

နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

KMD ၏ နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲကို ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ Strand Hotel တွင် ဇန်နဝါရီ ၃၀ရက် (စနေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ ထိုပွဲတွင် Desktop PC, Notebook, Netbook နှင့် ဆက်စပ်ပစ္စည်းများကို အများဆုံး ၅၀ရာခိုင်နှုန်းအထိ လျှော့ချရောင်းချပေးမည်ဖြစ်ပြီး KMD Training Centre မှ သင်တန်းများကို အထူးနှုန်းဖြင့် လက်ခံပေးခြင်း၊ KMD-Soft Comm Technology မှ ရုံးသုံး၊ စီးပွားရေးလုပ်ငန်းသုံး Software များကို အထူးနှုန်းဖြင့် ရောင်းချပေးခြင်း၊ ကွန်ပျူတာနှင့်ပတ်သက်သော စာအုပ်စာတမ်းများ ရောင်းချပေးခြင်းတို့ကို တစ်နေရာတည်းတွင် ပြုလုပ်ပေးသွားမည် ဖြစ်သည်။

ပြပွဲအချိန်အတွင်း KMD Computer Training Centre တွင် သင်တန်းအပ်နှံပါက သင်တန်းတစ်ခုချင်းစီအတွက် 25% Discount ဖြင့် လက်ခံပေးသွားမည်ဖြစ်သည်။ ပြပွဲတွင် ၂၀၁၀ အသစ်ထွက်ရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအသစ်များကိုလည်း ပြသသွားမည်ဖြစ်ပြီး ကွန်ပျူတာ၊ နည်းပညာ၊ Managementတို့နှင့် သက်ဆိုင်သော စာအုပ်မျိုးစုံကိုလည်း ခင်းကျင်းရောင်းချပေးသွားမည် ဖြစ်သည်။ Notebook ခေတ် ဖြစ်လာသည်နှင့်အညီ မော်ဒယ်အသစ်များ ထွက်လျက်ရှိပြီး Notebook ဝယ်ယူလိုသူများ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်စေရန် Notebook မျိုးစုံ ကိုလည်း ခင်းကျင်းပြသ၍ အချိုသာဆုံး ဈေးနှုန်းဖြင့် ရောင်းချ ပေးသွားမည်ဖြစ်သည်။ အထူးအစီအစဉ်အနေဖြင့် KMD မှ ကွန်ပျူတာ ဝယ်ယူထားသော Customer များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ပြီး Desktop PC ဝယ်ယူထားသော Customer များအတွက် ဝယ်ယူထားသည့်ကာလ အနည်းဆုံး တစ်နှစ်ပြည့်ပြီး လက်ဆောင် မထုတ်ရသေးသူများအတွက် အသစ်စက်စက် Mouse တစ်လုံး၊ ဝယ်ယူထားသည့်ကာလ တစ်နှစ်ခွဲပြည့်ပြီး လက်ဆောင် မထုတ်ရသေးသူများအတွက် Keyboard အသစ်တစ်လုံး၊ ဝယ်ယူထားသည့်ကာလ တစ်နှစ်ပြည့်ပြီးသော Notebook Customer များအတွက် Mouse အသစ်တစ်လုံး၊ ဝယ်ယူသည့်ကာလ တစ်နှစ်ပြည့်ပြီးသော NEC Notebook Customer များအတွက် Mouse အသစ်တစ်လုံးနှင့် Garskin (notebook sticker) များကို လက်ဆောင်ပေးအပ်သွားမည်ဖြစ်သည်။

ကံစမ်းမဲ

ပြပွဲရက်အတွင်း Notebook ဝယ်ယူသူများအတွက် Prolink Netbook နှင့် Prolink IPS၊ Desktop PC ဝယ်ယူသူများအတွက် ၁၉လက်မ Philips Graphic Monitor နှင့် Prolink IPS များကို ကံစမ်းမဲဖောက်ပေးသွားမည် ဖြစ်သည်။ ထို့အပြင် Notebook ဝယ်ယူသူအားလုံးအတွက် Dicota Notebook Bag 10% Discount ကူပွန်ကိုလည်း လက်ဆောင် ပေးအပ်သွားမည် ဖြစ်သည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက KMD Sales & Service ဖုန်း-၂၄၅၁၈၀၊ ၂၀၄၀၇၀၊ ၃၈၁၀၃၅၊ ၅၀၃၅၁၁၊ ၅၀၂၂၄၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

** ကျောဖုံးမှ*

မတ်တတ်ရပ်နေသော ဝက်ဝံရုပ်တုကြီးမှာ သစ်သားဖြင့် ထုဆစ်ထားသည်ဟု မထင်ရဘဲ ပလတ်စတာဖြင့် ထုလုပ်ထားသည်ဟု

"ပြိုင်ပွဲ နှစ်ရပ်စလုံးအတွက် ဆုကြေး ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမှာပါ"

ဒေါ်ဝင်းစိန်
ဒုတိယအထွေထွေမန်နေဂျာ
ဗဟိုသမဝါယမအသင်းလီမိတက်။

ထင်မှတ်မှားရလောက်အောင် လက်ရာမြောက်လှသည်။ ထို့အတူ သားကောင်ကို ခုန်အုပ်နေဟန် ကျားရုပ်တု၊ ကြီးမားသော သစ်ခေါင်းကြီးအတွင်း ဝင်ရောက်နေထိုင်ကြသော မျောက်မိသားစုရုပ်တုနှင့် ဂေါ်လာရီနှင့် မျောက်လွှဲကျော်ရုပ်တုများမှာ သက်ရှိအလား ထင်မှတ်မှားရသည်။

ခင်းကျင်းရောင်းချ

မြေညီထပ်အဝင်ဝတွင် ကြီးမားသော သစ်ကုလားအုတ်နှစ်ကောင်မှာလည်း အသက်ဝင်လှသည်။ ထို့အပြင် မြေညီထပ်တွင် မြန်မာ့အနုပညာပစ္စည်းမျိုးစုံ ခင်းကျင်းရောင်းချသော ဆိုင်ခန်းများလည်းရှိသည်။

တစ်ထေရာတည်း

ထိုမှ ပထမထပ်ရှိ ပြခန်းများကို တက်ရောက်ကြည့်ရှုလေ့လာရာ နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိ ကုက္ကိုပင်ကြီးကို အပန်းဖြေစားပွဲဝိုင်းအဖြစ် ထုဆစ်ထားသည်မှာလည်း မြင်ရသူအဖို့ ရင်သပ်ရှုမောဖြစ်ရသည်။ တစ်ဖန် အမြင့် ၁၀ပေ၊ ၁၁ပေခန့်ရှိ ရှေးမြန်မာသူရဲကောင်း ပျူစောထီး၏ မြားကိုင်ရုပ်တုကြီးမှာလည်း ချပ်ဝတ်တန်ဆာအပြည့်အစုံဖြင့် ထုဆစ်ထားသည်မှာ သစ်သားဖြင့် ထုဆစ်ထားသည်မှ ဟုတ်ပါလေစဟု ထင်မှတ်မှားရသည်။ ထို့အတူ အတောင်ဖြန့်ထားသော လင်းယုန်ငှက်ရုပ်တု၏ အမွေး၊ အတောင်၊ မျက်လုံးနှင့် ခြေထောက်တို့ကအစ ပကတိငှက်နှင့် တစ်ထေရာတည်း။

တမေ့တမော

ထိုမှတစ်ဖန် ဒုတိယထပ်သို့ တက်ရောက်ကြည့်ရှုလေ့လာရာ ခန်းမအတွင်း ဥရောပနှင့် အရှေ့တိုင်း အနုပညာလက်ရာများ၊ ဘာသာရေးဆိုင်ရာ ရုပ်တုများ၊ ရာမဇာတ်တော်မှ ရုပ်တုများနှင့် မော်ဒန်ရုပ်တုအမျိုးမျိုးကို ခင်းကျင်းပြသထားရာ တမေ့တမော ကြည့်ရှုလေ့လာခဲ့သည်။

အတွေးနယ်ချဲ့

ထိုမှ ဆက်လက်၍ တတိယထပ်သို့ တက်ရောက်ကြည့်ရှုလေ့လာရာ ယမန်နှစ်ပြိုင်ပွဲတွင် ဆုရရှိကြသော ပန်းပုရုပ်များ၊ ပန်းချီကားများကို ခင်းကျင်းပြသထားသည်။ ထိုသို့ လက်ရာမြောက်လှသော ပန်းပုလက်ရာများကို လှည့်လည်ကြည့်ရှုရင်း ပွဲတော်အကြောင်းနှင့်ပတ်သက်၍ အတွေးနယ်ချဲ့ရာမှ မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်အကြောင်း သိချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာသဖြင့် ဗဟိုသမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာ့အနုပညာ

ရှေးဦးစွာ ဗဟိုသမဝါယမအသင်းလီမိတက်မှ အထွေထွေမန်နေဂျာ ဦးကိုကိုအား မေးမြန်းကြည့်ရာ ဦးကိုကိုက "မြန်မာ့ပန်းပု အနုပညာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း ပြည်ပဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ တန်ဖိုးနည်းသစ်သားများကို အနုပညာထပ်ပေါင်းတန်ဖိုးမြင့်မားလာရေးနှင့် လေ့ခွက်ချည်းကျန် အလံမလဲဟူသော မြန်မာ့စိတ်ဓာတ်ကို ပြသနိုင်ရေးဟူသော ရည်ရွယ်ချက်ဖြင့် နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ၂၀၀၉ ခုနှစ် ဧပြီ ၃ရက်က ဖွင့်လှစ်ပြသခဲ့ပါတယ်။ ထိုပထမအကြိမ် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ပြည်တွင်းပြည်ပ (အထူးသဖြင့် တရုတ်ပြည်က) စိတ်ဝင်စားကြသည်။ ထိုပထမအကြိမ် အောင်မြင်မှုကို အခြေခံပြီး ယခုဒုတိယအကြိမ် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ကျင်းပခြင်းဖြစ်ပါတယ်။

လင်းယုန်ရုပ်တု

မာန်ပါပါ ထိုးသုတ်တော့မည့် ဟန်ဖြင့် လင်းယုန်ငှက်ရုပ်တုကိုလည်း ဤသို့ အသက်ဝင်စွာ တွေ့နိုင်သည်။
(မြန်မာ့အလင်း)

ပန်းပုရှာ

ပန်းပုများ ထုလုပ်ရာတွင်လည်း မြန်မာတစ်နိုင်ငံလုံးရှိ ပန်းပုပညာရှင် စုစုပေါင်း ၆၁ဖွဲ့၊ ခေါင်းဆောင်နှင့် အဖွဲ့သားပေါင်း ၂၀၀နီးပါးဖြင့် ထုဆစ်နေတာဖြစ်ပါတယ်။ ယခုလောလောဆယ် ပန်းပုပညာရှင်များကို နေရာအခက်အခဲကြောင့် ရန်ကုန်မြို့၌ လေးနေရာခွဲ၍ထားပါတယ်။ နောင်တစ်ချိန်မှာ ပြည်တွင်းပြည်ပမှ ပန်းပုအနုပညာကို စိတ်ဝင်စားသူများ လေ့လာနိုင်ရန်အတွက် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ပန်းပုရွာတည်ရန် မြေနေရာရွေးချယ်ပြီး ဖြစ်ပါတယ်။

အရေအတွက်အများဆုံး

ထို့အပြင် တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်အရ မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပေါင်းစန်းပြည်နယ်ခွဲတွင် ၂၀၀၉ ခုနှစ်အတွင်းက သွားရောက်ပြသခဲ့ပါတယ်။ တရုတ်နိုင်ငံမှ မှာကြားချက်အရ ပန်းပုရုပ်တုကြီးငယ်များကို တရုတ်နိုင်ငံသို့ တင်ပို့ပေးခဲ့ပါတယ်။ မြန်မာ့ပန်းပုရုပ်တုများကို နိုင်ငံခြားမှ ဝယ်ယူပါက ဝယ်ယူသည့် နိုင်ငံအရောက် ဝယ်ယူသည့်ပစ္စည်းကို ပို့ဆောင်ပေးပါတယ်။ ယခုနှစ် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်တွင် ရုပ်တုကြီးငယ် ၂၀၀၀လောက် ခင်းကျင်းပြသတာဖြစ်တဲ့အတွက် ကမ္ဘာမှာ အနုပညာလက်ရာအရေအတွက် အများဆုံးပြသတဲ့ ပွဲတော်လည်း ဖြစ်ပါတယ်" ဟု စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည်။

ချီးမြှင့်မည်

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက် ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ဝင်းစိန်အား သိလိုသည်များ မေးမြန်းကြည့်ရာ "မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်တွင် ပန်းပုရုပ်တုပြိုင်ပွဲလည်း ထည့်သွင်းကျင်းပမှာဖြစ်ပါတယ်။ ယခုနှစ်ပြိုင်ပွဲကို စိတ်ကြိုက်နှင့် Modern ပြိုင်ပွဲဆိုပြီး နှစ်မျိုးကျင်းပသွားမှာပါ။ ယခုနှစ်မှာ သစ်တုံးစယူကတည်းက ငွေကျပ်ငါးသောင်းစီ ထုတ်ပေးသွားမှာပါ။ ပြိုင်ပွဲနှစ်ရပ်လုံးအတွက် ဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမှာပါ။ ပထမဆုအတွက် ငွေကျပ် သိန်း ၂၀နဲ့ ငါးမူးသား ရွှေတံဆိပ် တစ်ခု၊ ဒုတိယဆုအတွက် ငွေကျပ် ၁၅သိန်းနဲ့ ငါးမူးသား ရွှေတံဆိပ်တစ်ခု၊ တတိယဆုအတွက် ငွေကျပ် ၁၀သိန်းနဲ့ ငါးမူးသား ရွှေတံဆိပ်တစ်ခုတို့ကို ချီးမြှင့်ပေးမှာပါ။ နှစ်သိမ့်ဆုအတွက် နှစ်ဆုချီးမြှင့်မှာဖြစ်ပြီး ငွေကျပ် ငါးသိန်းစီ ချီးမြှင့်ပေးသွားမှာပါ" ဟု ရှင်းပြသည်။

"ရုပ်တုကြီးငယ်၂၀၀၀လောက် ခင်းကျင်းပြသတာ ဖြစ်တဲ့အတွက် ကမ္ဘာမှာ အနုပညာလက်ရာ အရေအတွက် အများဆုံးပြသတဲ့ ပွဲတော်ဖြစ်ပါတယ်"

ဦးကိုကို
အထွေထွေမန်နေဂျာ
ဗဟိုသမဝါယမအသင်းလီမိတက်။

ကြည့်ရှုလေ့လာနိုင်

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ သွားရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း အနုပညာသတင်းကောင်း ဖြန့်ခင်းလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မီးအိမ်အလှ

မြန်မာ့ပန်းပုအနုပညာလက်စွမ်းကို ဖော်ကျူးထားသည့် အုန်းပင်အသားဖြင့် ထုဆစ်ထားသော မီးအိမ်အလှကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ဟန် ပန်းပုရုပ်များကလည်း ငေးမောကြည့်လောက်အောင် လက်ရာမြောက်လှစွာ....။

(မြန်မာ့အလင်း)

> **မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်။**

အချိုးအစား ကျနစွာဖြင့် ထုဆစ်ထားသော ဝက်ဝံရုပ်တုများကလည်း အသက်ဝင်စွာ....။

(မြန်မာ့အလင်း)

အရွယ်အစား အမျိုးမျိုးဖြင့် ထုဆစ်ပြသထားသော မျောက်ပန်းပုရုပ်များကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

✳ ရှေ့ဖုံးမှ

မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်မှ ဦးလှသန်းမြင့် (မောင်ပြုံးမြင့်)တို့ လိုက်ပါခဲ့ကြ၍ သတင်းခရီးသည် အပါအဝင် အဖွဲ့ဝင်လေးဦး ဖြစ်သွားသည်။

ခရီးဆက်

မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့သည် ဧရာဝတီမြစ်ကြီးခြား၍ တစ်ချိန် သောအခါက နီးလျက်နှင့်ဝေးခဲ့ရသော်လည်း ဗလမင်းထင်တံတားကြီး တည်ဆောက်နိုင်ခဲ့၍ ယခုအခါ မြစ်ကြီးနားမြို့မှ ဝိုင်းမော်မြို့သို့ နာရီဝက်အတွင်း ရောက်ရှိခဲ့လေသည်။ ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ခေတ္တဝင်ရောက် ရပ်နားပြီး ဆဒုံးမြို့မှ အပြန်တွင် ဝင်ရောက်တွေ့ဆုံပါမည့်အကြောင်း မှာကြားကာ ခရီးဆက်ခဲ့သည်။

ဝိုင်းမော်မြို့ တြိဂံလမ်းလယ်ကျွန်းမှ "စည်းလုံးခြင်းသည်အင်အား" ရုပ်တုက ကြွားကြွားဝင့်ဝင့်....။ (သတင်းစဉ်)

စုံစုံညီညီ

ဆဒုံးမြို့မှ ဝိုင်းမော်မြို့သို့ ပြန်လည်ရောက်ရှိသောအခါ ညနေ ၄နာရီ ကျော်လေပြီ။ မြို့နယ်ရုံး၌ ဝိုင်းမော်မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဦး၊ အတွင်းရေးမှူး ဒေါ်အိအိရွှေ၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဌေးလွင်စိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတီလူကျန်တို့ကို စုံစုံညီညီ တွေ့ရသည်။

မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဦးက ၂၀၁၀ခုနှစ် နွေစပါး ၁၀၀၂၈ ဧက စိုက်ပျိုးရန် လျာထား၍ ပြည်နယ်၏ စတုတ္ထစပါးကျီဖြစ်ရေး ရည်မှန်းချက်ကို အထောက်အကူပြုရန် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဝိုင်းမော်မြို့ ဟင်းသီးဟင်းရွက်စိုက်ကွင်းမှ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ခရမ်းချဉ်ပင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အောင်မြင်ဖြစ်ထွန်း

မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးတီလူကျန်ကလည်း ဧရာဝတီမြစ်ကမ်းအနီး ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု၊ ဝါရှောင်ဆည်မှရေကို အသုံးပြု၍ တောင်သူများ နွေစပါး စိုက်ပျိုးမည့် အခြေအနေ၊ ဒီချက်ကင် သဘာဝ ဓာတ်မြေဩဇာပြုလုပ်၍ တောင်သူများအား ပိုးမွေးမြူသည့် စနစ်နှင့် နည်းပညာဝေငှပေးမှုတို့ကို ရှင်းလင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးက မြို့ပြနှင့် ကျေးလက် လမ်း၊ တံတား ဆောင်ရွက်ပြီးစီးမှု၊ မြို့ရေပေးရေး၊ ကျေးလက်ရေပေးရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်း ပြောကြားသည်။

ပြန်လည်ဖြေကြား

သတင်းခရီးသည်တို့က သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက တရင်းတနှီး ပြန်လည်ဖြေကြားကြရင်း တွေ့ဆုံပွဲ စကားဝိုင်းလေးက စိုပြည်လှသည်။ နေရောင် မကွယ်ပျောက်မီ ဓာတ်ပုံမှတ်တမ်းတင်နိုင်ရန် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာရှိ ရွှေရတနာစိုးကုမ္ပဏီ၏ ဒီချက်ကင် ထုတ်လုပ်မှုခြံနှင့် နွေစပါးစိုက်ခင်းတို့ ဆီသို့ အပြေးအလွှား သွားကြရသည်။

မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့အကြား ဆက်သွယ်ဖောက်လုပ်ထားသည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေး ဦးစီးဌာနက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ခဲ့သော မုတ်လွဲ-ခတ်ချို-မခန်းနီး-နောင်ဟီး-စန်းကားရွာ ဆက်သွယ်သည့် ကျေးလက်လမ်းကိုလည်း ကြည့်ရှုလေ့လာဖြစ်သည်။ ကျေးလက်လမ်းဆိုသော်လည်း ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ထားရာ မြို့ပြလမ်းကပင် အရှုံးပေးရလောက်သည်။

စိုက်ပျိုးလုပ်ကိုင်

ဝိုင်းမော်မြို့အဝင် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ ရောက်ရှိသောအခါ နေလုံးသည် အနောက်ဘက် ကောင်းကင်၌ မေးတင်လျက်ရှိလေသည်။ ဟင်းသီးဟင်းရွက်စိုက်ခင်းမှာ မြို့မကွင်း နှစ်ကွင်းရှိပြီး စုစုပေါင်း ၁၃၂ဧကပေါ်တွင် တောင်သူ ၈၉ဦးတို့က စိုက်ပျိုးလုပ်ကိုင်ကြခြင်းဖြစ်သည်။

ဝိုင်းမော်မြို့ ဟင်းသီးဟင်းရွက်စိုက်ခင်းသည် မြေဆီဩဇာကောင်းမွန်မှုကြောင့် အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ ဆလတ်၊ ငရုတ်၊ မုန်ညင်း၊ ပန်းမုန်လာ၊ အာလူးနှင့် ပန်းများစိုက်ပျိုးကြသည်။ မြစ်ကြီးနားမြို့နှင့်နီး၍ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင်လည်း အဆင်ပြေကြသည်။

နမူနာပြ

၂၀၁၀ခုနှစ်ကို ကချင်ပြည်နယ်၏ ဒီချက်ကင်နှစ်ဟု သတ်မှတ်၍ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဝိုင်းမော်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းသည် ဒီချက်ကင် သဘာဝမြေဩဇာကို တောင်သူများအား နမူနာပြ ပြုလုပ်ပေးလျက်ရှိသည်။

ဒီချက်ကင်သည် မှိုအပါအဝင် ဒေသရှိ အဏုဇီဝပိုးများကို ပွားများလာစေရန် မွေးမြူပြီး ဒေသထွက် သဘာဝစွန့်ပစ် ကုန်ကြမ်းများဖြင့် ပေါင်းစပ်ပြုလုပ်ထားသော သဘာဝမြေဩဇာဖြစ်သည်။ ဒီချက်ကင်သည် ဓာတုမပါသော သဘာဝမြေဩဇာစစ်စစ်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိခိုက် ညစ်ညမ်းမှုမရှိဘဲ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များ အပါအဝင် နွေစပါး၊ မိုးစပါး သီးနှံမျိုးစုံ စိုက်ပျိုးရာ၌ အသုံးပြုနိုင်သည်။ ဒီချက်ကင်သည် ပြုလုပ်ရလွယ်ကူပြီး အကုန်အကျသက်သာသော သဘာဝမြေဩဇာဖြစ်သည်။ မှိုမွေး၍ မြေကို ဆွေးအောင် လုပ်ခြင်းဖြင့် ဒီချက်ကင် သဘာဝမြေဩဇာကို ရရှိနိုင်ကြောင်း သိရသည်။

ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာရှိ ရွှေရတနာစိုး ကုမ္ပဏီ၏ ဒီချက်ကင် သဘာဝမြေဩဇာ ထုတ်လုပ်ထားမှု မြင်ကွင်း....။ (သတင်းစဉ်)

ဖောက်လုပ်ခဲ့

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်း၊ တံတား များအဖြစ် ကတ္တရာလမ်း ၃မိုင် ၂ဖာလုံ၊ ကျောက်ချောလမ်း ၁၄မိုင်၊ မြေသားလမ်း ၁၃မိုင် ဖောက်လုပ်ခဲ့ပြီး ကွန်ကရစ်တံတားခြောက်စင်း၊ သစ်သား တံတား သုံးစင်း၊ ပွွန်တံတား ၁၀စင်း တည်ဆောက်ခဲ့သည်။ ကျေးလက်လမ်း၊ တံတားများအဖြစ် ကတ္တရာလမ်း နှစ်မိုင်၊ ကျောက်ချောလမ်း ၂၈မိုင်၊ မြေသားလမ်း ၉၄မိုင်၊ ဖောက်လုပ်ခဲ့ပြီး ကွန်ကရစ်တံတား နှစ်စင်း၊ သစ်သားတံတားလေးစင်း၊ ပွွန်တံတား ခြောက်စင်း တည်ဆောက်ခဲ့သည်။

မြို့ရေပေးရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီမြစ်ရေတင်၍ ပိုက်များ သွယ်တန်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဂါလန် ၄၀၀၀ဆံ့ ရေတင်စင် တည်ဆောက်ခြင်းနှင့် ပင်မရေပိုက်လိုင်း တစ်မိုင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက် ရေပေးရေးအနေဖြင့် မိုင်းနားကျေးရွာတွင် စိမ့်စမ်းရေသွယ်တင်ခြင်း နှစ်မိုင်၊နမ်ဆန်ယန်ကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာနှင့် အောင်မြေ (၂) ကျေးရွာတို့တွင် ဂါလန် ၁၆၀၀ဆံ့ ရေတင်စင်ဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိစပ်လျက်ရှိ

ဝိုင်းမော်မြို့နယ်သည် မြစ်ကြီးနားခရိုင်၌ ပါဝင်ပြီး မြောက်ဘက်တွင် အင်ဂျန်းယန်မြို့နယ်နှင့် ချီဖွေမြို့နယ်၊ တောင်ဘက်တွင် မိုးမောက်မြို့နယ်၊ အနောက်ဘက်တွင် မြစ်ကြီးနားမြို့နယ်၊ ဧရာဝတီမြစ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ဝိုင်းမော်မြို့နယ် တစ်မြို့နယ်လုံး၏ သုံးပုံနှစ်ပုံသည် တောင်တန်းများဖြစ်ပြီး ဧရာဝတီမြစ်နှင့် ဆက်စပ်သော အပိုင်းတွင်သာ ညီညာပြန့်ပြူးသော မြေပြန့်လွင်ပြင်ရှိသည်။

ဝိုင်းမော်မြို့နယ်သည် ဧရိယာ စတုရန်းမိုင် ၁၈၈၃ ဒသမ ၁၇မိုင် ကျယ်ဝန်းပြီး ရပ်ကွက် ၁၀ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉အုပ်စု၊ ကျေးရွာ ၁၇၁ရွာဖြင့် ဖွဲ့စည်းထားကာ ဇန်နဝါရီ ၁၂ရက်အထိ လူဦးရေ စုစုပေါင်း ၁၂၃၇၄၃ဦး နေထိုင်ကြသည်။ဝိုင်းမော်မြို့နယ်သည် ကချင်ပြည်နယ် အတွင်းရှိ မြို့နယ်တစ်ခုဖြစ်သော်လည်း ကချင်လူမျိုးများသာမက ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်းလူမျိုးများလည်း စုပေါင်းနေထိုင်ကြသည်။

ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းဦးက နွေစပါး စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပူအိုက်စွတ်စို

ဝိုင်းမော်မြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး မိုးများစွာ ရွာသွန်းသောဒေသဖြစ်သည်။ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၆၁ဒသမ၁၇ လက်မအထိ ရွာသွန်းသည်။ အနိမ့်ဆုံး အပူချိန်မှာ ၂၆ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး အပူချိန်မှာ ၃၂ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ ဝိုင်းမော်မြို့နယ်၏ စိုးရိမ်ရေမှတ်မှာ စင်တီမီတာ ၁၂၀၀ ဖြစ်သည်။

ဝိုင်းမော်မြို့နယ်၏ မြေအသုံးချမှုမှာ ၈၉၅၉၄၆ဧကဖြစ်ပြီး အသားတင်စိုက်ပျိုးမြေ ၉၈၅၆၂ဧက၊ လယ်၊ ယာ၊ ဥယျာဉ် ၂၇၅ဧက၊ ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော ၂၇၆၇၉၃ဧကရှိသည်။ မိုးစပါး၊ နွေစပါး၊ နေကြာ၊ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုးနှင့် ရာသီသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည်။ နှစ်ရှည်ပင်အဖြစ် ရော်ဘာစိုက်ပျိုးပြီး မွေးမြူရေးအနေဖြင့် ကြက်၊ဘဲ၊ ဝက်၊ ကျွဲ၊ နွားများအပြင် ငါးကန်နှင့် ပုစွန်ကန်များလည်း ရှိသည်။

ဝိုင်းမော်မြို့ ဟင်းသီးဟင်းရွက်စိုက်ကွင်းမှထွက်ရှိသော ဂေါ်ဖီထုပ်များကို ဈေးကွက်သို့ တင်ပို့ရန် သယ်ယူနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပညာသင်ကြားပေး

ဝိုင်းမော်မြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း နှစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၇၁ ကျောင်း၊ အခြေခံပညာမူလတန်းလွန် ကျောင်း ၁၉ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းခွဲ လေးကျောင်း ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

ဝိုင်းမော်မြို့နယ်တွင် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ တစ်ရုံ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၃ခု၊ ကျေးလက်ကျန်းမာရေးဌာန လေးခု၊ နယ်စပ်ဒေသ ဆေးပေးခန်းငါးခုတို့ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ဝိုင်းမော်မြို့နယ်သည် ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့နှင့် ဧရာဝတီမြစ်ခြားနေ၍ ဆက်သွယ်သွားလာမှု ခက်ခဲခဲ့သော်လည်း ဗလမင်းထင်တံတားကြီး တည်ဆောက်နိုင်ခဲ့ပြီးနောက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာခဲ့သည်။ ယခုအခါ ဝိုင်းမော်မြို့မှ မြစ်ကြီးနားမြို့သို့လည်းကောင်း၊ မြစ်ကြီးနားမြို့မှ ဝိုင်းမော်မြို့သို့လည်းကောင်း အပြန်အလှန်ကူးလူးဆက်သွယ်၍ အလုပ် လုပ်ကိုင်ကြသူများ၊ ပညာသင်ကြားကြသူများဖြင့် နှစ်မြို့ တစ်မြို့ အနေအထားဖြစ်နေလေသည်။

ဝိုင်းမော်မြို့ကလေး အတွင်း လှည့်လည်လေ့လာ၍ ပြီးဆုံးချိန်တွင် နေဝင်သွားခဲ့လေပြီ။ မြို့အဝင် ဟင်းသီးဟင်းရွက်စိုက်ခင်းမှ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်နှင့် ပန်းစိုက်ခင်းများအတွင်း တောင်သူများ၏ အားမာန်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုကို နေရောင်မပျောက်ခင် လက်မတင်လေး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ခြင်းမှာ အားရကျေနပ်စရာကောင်းလှသည်။

ဝိုင်းမော်မြို့ကလေးသည် နေရောင်ကွယ်ပျောက်သည်နှင့် အအေးဓာတ်အစပျိုးလာခဲ့ရာ သတင်းခရီးသည်တို့အားလုံး အနွေးထည်ကိုယ်စီနှင့် စတိုင်ကျသွားကြသည်။ ညှို့ဝတ်ကျေပွန်လှသော ဝိုင်းမော်မြို့နယ်မှ တာဝန်ရှိသူများနှင့် ကျေးဇူးတင်စကား အပြန်အလှန်ပြောကြားကာ လက်ပြနှုတ်ဆက်ရင်း ကားထွက်ဖြစ်လေသည်။

မြစ်ကြီးနားသို့ အပြန် မြို့အဝင်ည....။ဗလမင်းထင်တံတားကြီးပေါ်မှ ဖြတ်သန်းရင်း မြစ်မင်းဧရာဝတီ၏ တသွင်သွင်စီးဆင်းမှုကို ကြည့်မိသောအခါ အောက်ပြည်၊ အောက်ရွာကို အလွမ်းပိုရပါတော့သည်။ ။

(သတင်းစဉ်)



ခဲ့သော်လည်း ဗလမင်းထင်တံတားကြီး တည်ဆောက်နိုင်ခဲ့ပြီးနောက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာခဲ့သည်။ ယခုအခါ ဝိုင်းမော်မြို့မှ မြစ်ကြီးနားမြို့သို့လည်းကောင်း၊ မြစ်ကြီးနားမြို့မှ ဝိုင်းမော်မြို့သို့လည်းကောင်း အပြန်အလှန် ကူးလူးဆက်သွယ်၍ အလုပ် လုပ်ကိုင်ကြသူများ၊ ပညာသင်ကြားကြသူများဖြင့် နှစ်မြို့ တစ်မြို့ အနေအထားဖြစ်နေလေသည်။

ဝိုင်းမော်မြို့ကလေး အတွင်း လှည့်လည်လေ့လာ၍ ပြီးဆုံးချိန်တွင် နေဝင်သွားခဲ့လေပြီ။ မြို့အဝင် ဟင်းသီးဟင်းရွက်စိုက်ခင်းမှ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်နှင့် ပန်းစိုက်ခင်းများ



...င်းရွက်စိုက်ကွင်းမှထွက်ရှိသော ဂေါ်ဖီထုပ်များ ... သယ်ယူနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အတွင်း တောင်သူများ၏ အားမာန်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုကို နေရောင်မပျောက်ခင် လက်မတင်လေး မှတ်တမ်းတင်ခတ်ပုံ ရိုက်ကူးနိုင်ခဲ့ခြင်းမှာ အားရကျေနပ်စရာကောင်းလှသည်။

ဝိုင်းမော်မြို့ကလေးသည် နေရောင်ကွယ်ပျောက်သည်နှင့် အအေးဓာတ်အစပျိုးလာခဲ့ရာ သတင်းခရီးသည်တို့အားလုံး အနွေးထည်ကိုယ်စီနှင့် စတိုင်ကျသွားကြသည်။ ညှော့ဝတ်ကျေပွန်လှသော ဝိုင်းမော်မြို့နယ်မှ တာဝန်ရှိသူများနှင့် ကျေးဇူးတင်စကား အပြန်အလှန်ပြောကြားကာ လက်ပြနှုတ်ဆက်ရင်း ကားထွက်ဖြစ်လေသည်။

မြစ်ကြီးနားသို့ အပြန် မြို့အဝင် ည....။ဗလမင်းထင်တံတားကြီးပေါ်မှ ဖြတ်သန်းရင်း မြစ်မင်းဧရာဝတီ၏ တသွင်သွင်စီးဆင်းမှုကို ကြည့်မိသောအခါ အောက်ပြည်၊ အောက်ရွာကို အလွမ်းပိုရပါတော့သည်။ ။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ရထားလိုင်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၈

ပုသိမ်မြို့ ပုသိမ်ဘူတာမှ ပုသိမ်ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့သို့ ပြေးဆွဲမည့် ရထားလိုင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းက ပုသိမ်ဘူတာ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူတို့က ရထားလိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နှုတ်ဆက်

ထို့နောက် တိုင်းမှူးသည် ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ကျောင်းသားကျောင်းသူများအား နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ပုသိမ်ဘူတာမှ ပုသိမ်ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့သို့ ပြေးဆွဲမည့် ရထားလိုင်းဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်

၂၈-၁-၂၀၁၀

ဟားခါးမြို့
-၂ ဒီဂရီစင်တီဂရိတ်

လွိုင်လင်မြို့
၀ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့
၁ ဒီဂရီစင်တီဂရိတ်

ဟဲဟိုးမြို့
၁ ဒီဂရီစင်တီဂရိတ်

ပူတာအိုမြို့
၃ ဒီဂရီစင်တီဂရိတ်

အမ်းမြို့
၃ ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမဒမ်ဂလိုရီယာမာကာပါဂဲလ်အာရိုယိုထံမှ သဝဏ်လွှာပေးပို့ရာတွင် ဖိလစ်ပိုင်အစိုးရနှင့် ဖိလစ်ပိုင်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ ဖိလစ်ပိုင်နှင့် မြန်မာပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုမှာ ပိုမိုခိုင်မာလျက်ရှိပါကြောင်း၊ အာဆီယံနှင့် အခြားဒေသတွင်းကိစ္စများ ဖိလစ်ပိုင်နိုင်ငံက မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာဝပြောရေး ကြိုးပမ်းမှုများကို ဖိလစ်ပိုင်နိုင်ငံက ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကာပါဂဲလ်အာရိုယိုထံမှ သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ဖိလစ်ပိုင်အစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ ဖိလစ်ပိုင်နှင့် မြန်မာပြည်သူများအကြား မကြာသေးသည့်နှစ်များက ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာနက်ရှိုင်းလာပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောရေး ကြိုးပမ်းမှုများကို ဆက်လက်အားပေး ထောက်ခံပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုဂျီရိုမြူလိုထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မလေးရှားနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မလေးရှားနိုင်ငံ ဘုရင် တွမ်ကူမီဇန်ဇိုင်နယ်လ်အာဘီဒင်အစ်ဘနီအယ်လ်မာဟွန်းဆူလ်တန် မာမွတ်အယ်လ်မုတာဖီဘီလာရှားထံမှ သဝဏ်လွှာပေးပို့ရာတွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာဝပြောခြင်း ဆက်လက်ရရှိခံစားရလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြား မကြာသေးသည့်နှစ်များက ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်လာပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် နာဂျစ်ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်ထံမှ သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မလေးရှားအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ လာမည့်နှစ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ်အာနီဖာအာမန်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုယိုနိုထံမှ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အင်ဒိုနီးရှားအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံမူဘောင်အတွင်းမှ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာခဲ့ကြောင်း၊ အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောရေးအတွက် ဘုံဖွံ့ဖြိုးရေးရည်မှန်းချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံမှ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အင်ဒိုနီးရှားအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံအကြား မကြာမီနှစ်များက ဆက်ဆံရေးတိုးတက်ခဲ့ပါကြောင်း၊ အာဆီယံမူဘောင်အတွင်းမှ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုယိုနိုထံမှ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အင်ဒိုနီးရှားပြည်သူများနှင့် အစိုးရကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ လာမည့်နှစ်များအတွင်း တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းပြမြေပုံကို နားလည်သဘောပေါက်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

တစ်ဖန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမာတီအာအမ်နာတာလီဂါဝါထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အဋ္ဌာနာဠိယသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ဩဝါဒပါတိမောက် အခါသမယနေ့** တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	Science Tech Today
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅)
၈း၃၀	Sports World
၈း၅၅	Activities in the City Apple Cosmetic နှင့် Topsyne Medicated Cream ကံစမ်းမဲဖွင့်ပွဲ [အထက(၁) လှိုင်ကျောင်းသား/ သူဟောင်းများ၏ အာစရိယပူဇော်ပွဲ]
၉း၁၅	လောကီ၊ လောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၉း၃၀	Movie Talk [မြန်မာ့ရုပ်ရှင် ထူးချွန်မှုသမိုင်း (ဒါရိုက်တာကြည်စိုးထွန်း၊ မြင့်သိန်းဖေ(မိတ္ထီလာ)]
၁၀း၃၀	လှပသော အနာဂတ်ရောင်စဉ် တန်းများဖြင့် မီးပန်းပွဲတော်
၁၀း၄၅	Activities in the City [၂၀၁၀ခုနှစ် အထက(၂) စမ်းချောင်းပညာရေးစုံညီပွဲတော် နှင့် ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုချီးမြှင့်ပွဲ]
၁၁း၀၅	ဖက်ရှင်လမ်းညွှန် (ဖြူဖြူကျော်သိန်း)
၁၁း၃၀	ကံ့ရာသီတပို့တွဲ ထမနဲထိုးတဲ့လရာသီ
၁၂း၀၀	လောကီ၊လောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
၁၂း၁၅	Activities in the City Apple Cosmetic နှင့် Topsyne Medicated Cream ကံစမ်းမဲဖွင့်ပွဲ [အထက(၁) လှိုင်ကျောင်းသား/ သူဟောင်းများ၏ အာစရိယပူဇော်ပွဲ]
၁၂း၄၅	Reiju Tokyo Beauty Technical School
၁း၀၀	**ဩဝါဒပါတိမောက် အခါသမယနေ့** တရားတော် (ရွှေလင်းယုန် ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	World of Knowledge (World Greenest Home)
၃း၂၀	လှပသော အနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅)
၄း၀၅	Activities in the City [၂၀၁၀ခုနှစ် အထက(၂) စမ်းချောင်းပညာရေးစုံညီပွဲတော် နှင့် ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုချီးမြှင့်ပွဲ]
၄း၂၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄း၅၀	ကံ့ရာသီတပို့တွဲ ထမနဲထိုးတဲ့လရာသီ
၅း၁၀	သူတို့ပြောတဲ့ သူတို့အကြောင်း (တူးတူးမြင့်သိန်း)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	လှပသစ်ဆန်း အလှပြင်ခန်း (Zenith)
၆း၃၀	ဖက်ရှင်လမ်းညွှန် (ဖြူဖြူကျော်သိန်း)
၇း၀၀	Science Tech Today
၇း၁၅	FMF Selection
၇း၄၀	Reiju Tokyo Beauty Technical School
၈း၀၀	MRTV-4 သတင်း
၈း၃၀	VJ Choice
၉း၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း (တူးတူးမြင့်သိန်း)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅)
၁၀း၀၀	လှပသစ်ဆန်း အလှပြင်ခန်း (Zenith)
၁၀း၁၀	VJ Choice
၁၀း၃၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀	ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
၁၁း၁၀	Music Talk (ဝိစိတြ)
၁၁း၂၀	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၁း၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကွန်ကရစ်၊ ကတ္တရာနှင့် မြေစမ်းသပ်မှုပစ္စည်းများ အထူးအစီအစဉ်ဖြင့် တင်သွင်းဖြန့်ချီရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၂၈





CONCORDIA Int'l Co., Ltd. က ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဓာတ်ခွဲခန်းများနှင့် ဓာတ်ခွဲခန်း တည်ထောင် လို သူ များ အတွက် အထူးအစီအစဉ်ဖြင့် ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံပေါင်း ၁၅၀ကျော်သို့ ဖြန့်ဖြူးရောင်းချနေသော ထိပ်တန်းကုမ္ပဏီကြီး တစ်ခုဖြစ်သည့် အင်္ဂလန်နိုင်ငံ၏ ELE အမှတ်တံဆိပ် ကွန်ကရစ်၊ ကတ္တရာနှင့် မြေစမ်းသပ်မှုပစ္စည်းများ တင်သွင်းဖြန့်ချီရောင်းချခြင်းကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့ရှိ Concordia Show Room များ၌ ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၂၆ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ရောင်းချပေးမည်

အဆိုပါပွဲ၌ အင်္ဂလန်နိုင်ငံထုတ် ELE အမှတ်တံဆိပ် မြေသား၊ ကတ္တရာနှင့် ကွန်ကရစ်စမ်းသပ်ပစ္စည်းများဖြစ်သည့် Compression Machine, Concrete Mixer,Concrete Test Hammer,Moulds, Vicat Appratus, Blain Appratus, Slump Cone,Sieve Shaker နှင့် Sieves များ၊ မြေသားစမ်းသပ်ခြင်းလုပ်ငန်းအတွက် Triaxial Machine, Compaction Machine, Moulds, C.B.R Machine, Consolidation Machine,Permeability Tester, Direct Shear Machine, Liquid Limit Device နှင့် Hydrometer များ အစရှိသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအပြင် Field လုပ်ငန်းသုံးဖြစ်သော Dynamic Cone Penetrometer များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ELE ပစ္စည်းများသည် မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိပြီး အထူးအစီအစဉ်အဖြစ် တစ်နှစ်အာမခံချက်ပေးခြင်း၊ Service ဝန်ဆောင်မှုနှင့် သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ အရောက် တပ်ဆင်ပေးခြင်းတို့ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ဆက်သွယ်ဝယ်ယူလိုပါက 3rd, 5th Floor ရွှေဂုံတိုင်ပလာဇာ ဗဟန်း ဖုန်း-၉၅၁-၅၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၉၄၄၄၊ ၀၉-၅၀-၀၅၉၁၂၊ ၅၅၈၃၇၄၊ Fax: ၉၅၁-၅၄၄၁၉၉၊ နေပြည်တော် အမှတ် ၁၄၄ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂၊၀၉-၄၉-၂၀၀၉၄၇၊ ၀၉-၄၉-၂၀၀၉၄၈၊ မန္တလေး SY Building လမ်း၃၀၊ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း- ၀၂-၃၆၄၇၈၊ ၀၉-၅၀-၆၇၁၇၊ ၀၂-၆၉၃၀၃တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်တမ်းအရင့်ဆုံး "ကိုလိုဗိုင်း" မျိုးစုဝင် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း) မန္တလေးဌာနခွဲမှ အရာထမ်း၊အမှုထမ်းများ၊ ပညာရေးဝန်ကြီးဌာနမှ ဘူမိဗေဒပညာရှင်များနှင့် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များပါဝင်သည့် မြန်မာ-ဂျပန်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးသုတေသနအဖွဲ့သည် လူသားမျိုးနွယ်၏ မူလအစဖြစ်သော အဆင့်မြင့်လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို ပုံတောင်ဒေသ၌ ပိုမိုပြည့်စုံခိုင်မာစွာ တွေ့ရှိခြင်းဖြင့် "လူသားမျိုးနွယ်အစ၊ မြန်မာက" ဟူသော အဆိုကို ပိုမိုခိုင်မာစေရန်ရည်ရွယ်လျက် မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်နှင့် မကွေးခရိုင် မကွေးမြို့နယ်တို့၌ ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ ဒီဇင်ဘာ ၁၁ရက်အထိ ကျောက်ဖြစ်ရုပ်ကြွင်းကွင်းဆင်းလေ့လာရှာဖွေသုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆိပ်ဖြူမြို့နယ် ထန်းပင်ချောင်ကျေးရွာအနီးမှ တွေ့ရှိရသော ပရိုင်းမိတ် အပေါ်သွားများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ပေါ်ထွက်နေသော ပုံတောင်ကျောက်လွှာစုနှင့် ဧရာဝတီကျောက်လွှာစုများ၌ ကွင်းဆင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြင့် ပုံတောင် ကျောက်လွှာစုမှ အဆင့်မြင့်လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိခဲ့သော်လည်း ပြည့်စုံသော ဦးခေါင်းခွံရုပ်ကြွင်း၊ အရိုးစုရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခြင်းမရှိသေး၍ သုတေသနပညာရှင်များအနေဖြင့် စဉ်ဆက်မပြတ်ကွင်းဆင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိ

ထိုသို့ဆောင်ရွက်ရာတွင် ဆိပ်ဖြူမြို့နယ် ထန်းပင်ချောင်ကျေးရွာအနီးမှ ပရိုင်းမိတ်၏အပေါ်ရှေ့သွား တစ်ချောင်းကိုလည်းကောင်း၊ ဆိပ်ဖြူမြို့နယ် ဝွေးပင်ကျေးရွာအနီးရှိ ဝွေးပင်ကျစ်ချောင်အမှတ်(၁)မှ ပရိုင်းမိတ်အောက်အံသွား နှစ်ချောင်းကို လည်းကောင်း၊ ပုံတောင် ကျောက်လွှာစုများ ပေါ်ထွက်ရာ မြိုင်မြို့နယ် ဗဟင်းကျေးရွာနှင့် မကျီးကန်ကျေးရွာပတ်ဝန်းကျင်ရှိ ကျစ်ချောင်(၁၁)မှ နို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်း စုစုပေါင်း ၁၃၂ခုတို့ကို လည်းကောင်း၊ မကွေးမြို့နယ် ဆူးပစ်စမ်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ ယင်းဆိပ်ကျေးရွာ၊ ပေါက်မြို့နယ် ချိုင်စောက်ကျေးရွာနှင့် မြို့ခင်းသာကျေးရွာ ပတ်ဝန်းကျင်တို့မှ နို့တိုက်သတ္တဝါကျောက်ဖြစ်ရုပ်ကြွင်းစုစုပေါင်း ၂၆၉ ခုတို့ကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။

သက်တမ်းအရင့်ဆုံး

ထူးခြားသော တွေ့ရှိမှုအနေဖြင့် ဆိပ်ဖြူမြို့နယ် ထန်းပင်ချောင်ကျေးရွာနှင့် ဝွေးပင်ကျေးရွာအနီးတို့မှ "ကိုလိုဗိုင်း" မျိုးစုဝင် ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းမျိုးနွယ် ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိမှုသည် အရှေ့အာရှဒေသတွင် သက်တမ်းအရင့်ဆုံး ရှာဖွေတွေ့ရှိမှုဖြစ်ပြီး အာရှတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့တွင် တွေ့ရသည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း အုပ်စုဝင်များဖြစ်သည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းများ မြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိမှုကို မြန်မာ-ဂျပန်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေသုတေသန ပြုအဖွဲ့က ပထမဆုံးမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်၍ "ကိုလိုဗိုင်း" မျိုးစုဝင် ပရိုင်းမိတ်တို့၏ ရင်းမြစ်၊ ဇီဝပထဝီဝင်ဖြစ်ပေါ်နေထိုင်ရာ ပျံ့နှံ့တည်ရှိနေမှုတို့ကို ဆက်စပ်ဖော်ထုတ်လာနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အောက်အံသွားများ

ဆိပ်ဖြူမြို့နယ် ဝွေးပင်ကျေးရွာအနီးမှ တွေ့ရှိရသော ပရိုင်းမိတ်၏ အောက်အံသွားများကို တွေ့ရစဉ်။ (သတင်းစဉ်)

ချစ်ကြည်ရေးခြေစမ်းပွဲ အူလ်ဆန်အနိုင်ရ

➤ သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂၈

AFC Challenge Cup ပြိုင်ပွဲဝင်မယ့် ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနဲ့ တောင်ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ ချစ်ကြည်ရေး ဒုတိယခြေစမ်းပွဲကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ အူလ်ဆန်တက္ကသိုလ်အသင်းက လေးဂိုး-သုံးဂိုးနဲ့ အနိုင် ရရှိသွားပါတယ်။

အူလ်ဆန်တက္ကသိုလ် - လေးဂိုး
ပဏာမမြန်မာ့လက်ရွေးစင် - သုံးဂိုး

ကစားပုံ

ပဏာမမြန်မာ့လက်ရွေးစင်အသင်းဟာ ခြေစမ်းပွဲ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ပေမယ့် ပထမပွဲထက် ကစားပုံပိုကောင်းခဲ့သလို ဂိုးတွေလည်းရခဲ့ပါတယ်။ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းဟာ ပထမနေ့က ကစားခဲ့တဲ့ လူစာရင်းကို အနည်းငယ် အပြောင်းအလဲလုပ်ထားခဲ့ပြီး ပထမနေ့က ပွဲထွက်စာရင်းမှာ မပါခဲ့တဲ့ ဝင်းမင်းထွန်း၊ ယဉ်မင်းအောင်(ဂိုး)၊ အောင်ကျော်မိုး၊ အေးဆန်း၊ ကျော်ခိုင်ဝင်းတို့ကို မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ မိုးဝင်း၊ စိုးမင်းဦးတို့နဲ့ တွဲဖက်ပွဲထုတ်ခဲ့ပါတယ်။

ပွဲအစ

မြန်မာအသင်းဟာ ပွဲအစမှာ တောက်လျှောက်ဖိကစားနိုင်ခဲ့ပါတယ်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကိုတော့ ၁၁ မိနစ်မှာ ထွန်းထွန်းဝင်းက ပယ်နယ်တီကနေ သွင်းယူခဲ့ပါတယ်။ ဂိုးပေးလိုက်ရလို့ အူလ်ဆန်တက္ကသိုလ်အသင်းဟာအမာခံကစားသမားတွေ လူစားလဲထည့်ပြီး ကစားအားမြှင့်ခဲ့ပါတယ်။ ပထမပိုင်းပြီးခါနီးမှာ နံပါတ် ၁၅ ကွမ်ဂျောင်ဆိုးလ်က ချေပဂိုးပြန်လည်သွင်းယူခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာ အူလ်ဆန်အသင်းဟာ ပွဲကိုထိန်းကစားပြီး ၇၅မိနစ်မှာ ထွန်းထွန်းဝင်းက မြန်မာအသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး အဲဒီနောက်ပိုင်း အူလ်ဆန်အသင်းက ကစားအားတင်လိုက်ပြီး ၇၇မိနစ်မှာ နံပါတ် ၁၀ လီဆောင်ဂျီက ဒုတိယဂိုး၊ ၇၉မိနစ်မှာ နံပါတ် ၂၄ ချာတေးယောင်က တတိယဂိုးနဲ့ ၈၉မိနစ်မှာ နံပါတ် ၂၂ ချောင်မင်ဆွတ်က စတုတ္ထဂိုးတို့ကို သွင်းယူပေးခဲ့ပါတယ်။ မြန်မာအသင်းအတွက် တတိယဂိုးကိုတော့ ၈၆မိနစ်မှာ ခင်မောင်လွင်က အဝေးကနေကန်သွင်းယူခဲ့ပါတယ်။

သူတို့ပါဝင်

ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှာ **ဂိုး**-ယဉ်မင်းအောင်၊ **နောက်တန်း**-ဝင်းမင်းထွန်း၊ မိုးဝင်း၊ ကျော်ခိုင်ဝင်း၊ ခင်မောင်လွင်၊ ရွှေလှိုင်ဝင်း၊ **အလယ်တန်း**-မျိုးမင်းထွန်း (ပြည့်ဖြိုးဦး)၊ ပိုင်စိုး(ရန်အောင်ကျော်)၊ အေးဆန်း၊ (ရန်ပိုင်)၊ ထွန်းထွန်းဝင်း၊ အောင်ကျော်မိုး၊ **ရှေ့တန်း**-စိုးမင်းဦး၊ ကျော်ကိုကိုတို့ ပါဝင်ကစားခဲ့ကြပါတယ်။ ။

(မြန်မာ့အလင်း)

အူလ်ဆန်တက္ကသိုလ်အသင်း၏ ထိုးဖောက်မှုကို မြန်မာ နောက်ခံလူ ခင်မောင်လွင် ဟန့်တားနေစဉ်။ (မြန်မာ့အလင်း)

Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ စတင်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၈

Asian Development Tour နှင့် မြန်မာပီဂျီအေတို့မှ ပူးပေါင်းစီစဉ်ပြီး Air Bagan Ltd.မှအဓိကပံ့ပိုးကူညီ၍ International Beverages Trading Co.,Ltd. (IBTC)က ထပ်မံပံ့ပိုးကူညီသည့် Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့နံနက် ၈နာရီမှစ၍ ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကလပ်တွင် စတင်ကျင်းပသည်။

ပထမနေ့အပြီး ထိပ်ဆုံးမှ ပူးတွဲ ဦးဆောင်နေသူ သိန်းဇော်မြင့် (မြန်မာ)။

ကြည့်ရှုအားပေး

ပထမနေ့ပွဲစဉ်များအပြီးတွင် သိန်းဇော်မြင့်(မြန်မာ)နှင့် Iani Pertilla (ဖင်လန်)တို့က ၆၇ချက်စီဖြင့် ထိပ်ဆုံးမှ ပူးတွဲဦးဆောင်လျက်ရှိသည်။ Gavin Flint (ဩစတြေးလျ)၊ Ryan Panichpakdee (အမေရိကန်)၊ Lucas Lee (ဘရာဇီး) နှင့် Akhmal Tarnizee (မလေးရှား)တို့က ၆၉ချက်စီဖြင့်လည်းကောင်း၊ အောင်ဝင်း (မြန်မာ)၊ Gabriel Canizares (စပိန်)၊ ဇော်ပိုင်ဦး (မြန်မာ)နှင့် မင်းနိုင်မြန်မာတို့က အချက် ၇၀စီဖြင့် လည်းကောင်း နောက်မှ အသီးသီးရပ်တည်နေကြောင်း သိရသည်။ ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၉ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဂေါက်သီးအားကစားဝါသနာရှင်များအနေဖြင့် အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd.က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် International BeveragesTrading Co.,Ltd.(IBTC) က ထပ်မံကူညီပံ့ပိုးပေးကာ Max Myanmar, Pun Hlaing Golf Club, Hotel Yangon, MGF, MPGA တို့ကလည်း ထပ်မံကူညီပံ့ပိုးပေးကြောင်းသိရသည်။

(မြန်မာ့အလင်း)

ကာလင်းဖလားအကြိုဗိုလ်လုပွဲ
ရွန်နေ၏ ပွဲသိမ်းဂိုးဖြင့် မန်ယူဗိုလ်လုပွဲတက်ပြီ

✻ မြင့်မောင်စိုး-စုစည်းသည် ✻

လန်ဒန် ဇန်နဝါရီ ၂၈

ကာလင်းဖလားအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်ယူနှင့် မန်စီးတီးတို့ ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းက မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက ရွန်နေ၏ ပွဲသိမ်းဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

မန်ယူအတွက် အနိုင်ဂိုးသွင်းပြီး တိုက်စစ်မှူးရွန်နေ ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဂိုးမသွင်းနိုင်

ပွဲစသည်နှင့် နှစ်သင်းစလုံး အဖွင့်ဂိုးသွင်းနိုင်ရေး လျင်လျင်မြန်မြန်ထိုးဖောက်ကစားခဲ့ကြသော်လည်း ပထမပိုင်းပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် မန်ယူက ကစားကွက်ပိုကောင်းလာသည်။ ပွဲချိန် ၅၂မိနစ်တွင် ပေါလ်စခိုးက မန်ယူအတွက် အဖွင့်ဂိုးစတင် သွင်းယူလိုက်သည်။ မန်စီးတီးတို့ ချေပဂိုးသွင်းနိုင်ရေး တန်ပြန်တိုက်စစ်ဆင်ကစားလာသည်။ သို့သော်လည်း ပွဲချိန် ၇၁မိနစ်တွင် မိုက်ကယ်ကာရစ်က အီဗရာ၏တည်ကန်ဘောမှတစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး လေးမိနစ်အကြာ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်က မန်ယူဂိုးဧရိယာအတွင်းမှ ချေပဂိုးသွင်းယူခဲ့သည်။ ပွဲသိမ်းလေလွင့်ချိန်တွင် မန်ယူတို့အနိုင်ရထားသော်လည်း တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ မန်ယူ၏ ဂိုးသွင်းကောင်းနေသော တိုက်စစ်မှူး ရွန်နေက ရိုင်ယန်ဂစ်၏ ဖြတ်တင်ဘောမှတစ်ဆင့် အမိအရခေါင်းတိုက်ဂိုးသွင်းယူလိုက်သည်။ ပွဲအပြီး မန်ယူကသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ပထမအကျော့ပြိုင်ပွဲတွင် မန်စီးတီးက အိမ်ကွင်း၌မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ရာ မန်ယူက နှစ်ပွဲပေါင်း လေးဂိုး-သုံးဂိုးဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

ဗိုလ်လုပွဲ

အက်စ်တွန်ဗီလာနှင့်မန်ယူတို့သည် ဖေဖော်ဝါရီ ၂၈ရက်တွင် ဝင်ဘလေကွင်း၌ ကာလင်းဖလားဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အင်တာနက်**

ပရီမီယာလိဂ် ပွဲစဉ်(၂၃) အနိုင်အရှုံး

အက်စ်တွန်ဗီလာ	၀-၀	အာဆင်နယ်
ဘလက်ဘန်း	၂-၁	ဝီဂန်
ချယ်လ်ဆီး	၃-၀	ဘာမင်ဂမ်
အဲဗာတန်	၂-၀	ဆန်းဒါးလန်း
ဘော်လ်တန်	၂-၀	ဘန်လေ
ပို့စ်မောက်	၁-၁	ဝက်စ်ဟမ်း
စပါး	၂-၀	ဖူလ်ဟမ်
ဝူလ်ဗာဟမ်တမ်	၀-၀	လီဗာပူး

ပွဲစဉ် (၂၃)အပြီး ပရီမီယာလိဂ်အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၂၂	၁၆	၃	၃	၅၁
၂	မန်ယူ	၂၃	၁၆	၂	၅	၅၀
၃	အာဆင်နယ်	၂၃	၁၅	၄	၄	၄၉
၄	စပါး	၂၃	၁၂	၅	၆	၄၁
၅	လီဗာပူး	၂၃	၁၁	၅	၇	၃၈
၆	မန်စီးတီး	၂၁	၁၀	၈	၃	၃၈
၇	အက်စ်တွန်ဗီလာ	၂၂	၁၀	၇	၅	၃၇
၈	ဘာမင်ဂမ်	၂၂	၉	၆	၇	၃၃
၉	အဲဗာတန်	၂၂	၇	၈	၇	၂၉
၁၀	ဖူလ်ဟမ်	၂၂	၇	၆	၉	၂၇
၁၁	ဘလက်ဘန်း	၂၃	၇	၆	၁၀	၂၇
၁၂	စတုတ်	၂၁	၆	၇	၈	၂၅
၁၃	ဆန်းဒါးလန်း	၂၂	၆	၅	၁၁	၂၃
၁၄	ဝီဂန်	၂၁	၆	၄	၁၁	၂၂
၁၅	ဘော်လ်တန်	၂၁	၅	၆	၁၀	၂၁
၁၆	ဝက်စ်ဟမ်း	၂၂	၄	၈	၁၀	၂၀
၁၇	ဝူလ်ဗာဟမ်တမ်	၂၂	၅	၅	၁၂	၂၀
၁၈	ဘန်လေ	၂၂	၅	၅	၁၂	၂၀
၁၉	ဟူးလ်စီးတီး	၂၂	၄	၇	၁၁	၁၉
၂၀	ပို့စ်မောက်	၂၁	၄	၃	၁၄	၁၅

(အင်တာနက်)

29-1 (10).pmd 1 1/29/2010, 2:03 AM

ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် ကောက်စိုက်သရုပ်ပြပွဲတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၈

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ် လယ်တော်ကြီးကွင်း၌ကျင်းပသည့် ကောက်စိုက်စွမ်းရည် သရုပ်ပြပွဲသို့ တက်ရောက်ပြီး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ တိုင်းဒုတိယဥက္ကဋ္ဌသည် ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းတွင် တိုင်းအစည်းအဝေး ခန်းမ၌ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သရုပ်ပြပွဲတွင် ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့မှ မီးဘေးကာကွယ်ရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးတို့ကို လက်တွေ့သရုပ်ပြ လေ့ကျင့်ကြစဉ်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၂၈

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သရုပ်ပြပွဲကို ယနေ့ နံနက်က ဘုရင့်နောင်ဈေးအတွင်း၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဈေးများဌာန ဒုတိယဌာနမှူး ဦးမြင့်သိန်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် မီးသတ်စခန်းမှူး ဦးဇော်လင်းဦးနှင့် ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်တို့က ဘုရင့်နောင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက်ဘုရင့်နောင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဆက်လက်ပြသရာ ဘုရင့်နောင် ဈေးသာယာရေးအဖွဲ့မှ မီးဘေးကာကွယ်ရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးအန္တရာယ် ပေါ်ပေါက်ပါက ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးတို့ကို လက်တွေ့သရုပ်ပြ လေ့ကျင့်ကြသည်။

ဘုရင့်နောင်ဈေးသာယာရေး အဖွဲ့က ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးကြီးတစ်လျှောက် မီးသတ်ပိုက်လိုင်းများ သွယ်တန်းထားပြီး မီးဘေးအန္တရာယ် ပေါ်ပေါက်ပါက ပင်မမီးသတ်ရေကန်မှ ဂါလန် ၂၆၈၅၀ နှင့် ဒုတိယရေကန်မှ ဂါလန် ၂၀၄၅၀တို့ကို မီးသတ်ပိုက်များဖြင့် ပက်ဖျန်းနိုင်ရန် စီစဉ်ထားပြီး ဘုရင့်နောင်ဈေး မိသားစုများ၊ ဈေးသာယာရေးအဖွဲ့ ဝန်ထမ်းမိသားစုများအားလည်း မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပြီး လက်တွေ့ မီးငြိမ်းသတ်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

○ *ရှေ့ဖုံးမှ*

မူဆယ်မြို့သည် အတိတ်ကာလက လမ်းပန်းဆက်သွယ်ရေးအခြေအနေအရနှင့် နယ်မြေ လုံခြုံရေး အခြေအနေအရပါ ခရီးသွားလာမှု ခက်ခဲခဲ့သည်။

တိုးတက်များပြား

ထို့အပြင် မူဆယ်မြို့သည် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး တံခါးပေါက်ကြီး တစ်ခုဖြစ်ခြင်းကြောင့် တရုတ်-မြန်မာ အပြန်အလှန်ကုန်စည်များ ကူးသန်း ရောင်းဝယ်ရာမှ ကုန်စည်ရောင်းဝယ်သူများနှင့် ခရီးသွားပြည်သူများ တိုးတက်များပြားလာသည်ကို တွေ့ရသည်။

မြန်မာ့အလင်း သတင်းခရီးသည်များသည် မကြာမီက ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားနိုင်ရန် လားရှိုးမြို့မှတစ်ဆင့် မူဆယ်နယ်စပ်မြို့သို့ သတင်းခရီးဆန့်ခဲ့ကြသည်။

ဥဒဟိုသွားလာ

လားရှိုးမြို့မှ ထွက်လာတော့ နံနက်ရနာရီထိုးပြီ။ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးစခန်းသို့ ထွက်ခွာသွားသော ကုန်တင်ယာဉ်ကြီးများ၊ မော်တော်ဆိုင်ကယ်များ ဥဒဟိုသွားလာလျက်ရှိသည်ကို တွေ့ရသည်။ လားရှိုးမြို့မှ ထွက်ခွာလာပြီး မကြာမီ ဟိုပိတ်ကျေးရွာနှင့် စံလောင်းကျေးရွာများကို တွေ့ရသည်။ ၎င်းကျေးရွာများသည် နယ်မြေဒေသများ အေးချမ်းလာမှုကြောင့် မြို့ပြအသွင် တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။

ပန်းရ

ထိုမှဆက်လက်၍ ထွက်ခွာခဲ့ရာ သိန်းနီမြို့ကို တွေ့ရသည်။ သိန်းနီမြို့သို့ မရောက်မီ နယ်စပ်ကုန်စည် စစ်ဆေးရေးဂိတ်ရှိသည်။ ၎င်းဂိတ်ကို ရေပူစမ်း စစ်ဆေးရေးဂိတ်ဟုခေါ်သည်။ သိန်းနီမြို့သည် လယ်မြေများပေါ်များစွာ ဝိုင်းရံလျက်ရှိပြီး ရှမ်းရိုးမ တောင်တန်းကြီးများဖြင့် ပန်းရနေသော မြို့တစ်မြို့ဖြစ်သည်။ သိန်းနီမြို့မှ လွန်မြောက်သော် ကွတ်ခိုင်မြို့သို့ ရောက်သည်။ သိန်းနီနှင့် ကွတ်ခိုင်သည် မိုင်အားဖြင့် ၁၅ မိုင်သာ ဝေးသည်။ သို့သော် ကွတ်ခိုင်မြို့သို့ ရောက်ရှိရန် တောင်အထပ်ထပ်ကို ကျော်ဖြတ်ခဲ့ရသည်။

တိုက်ရိုက်ပြေးဆွဲ

၎င်းလားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကုန်တင်ယာဉ်ကြီးများသာမက မန္တလေးမြို့မှ တိုက်ရိုက်ပြေးဆွဲပေးသော မှန်လုံခရီးသွားယာဉ်များ၊ ဗင်ကားများကို မကြာခဏတွေ့ရသည်။ မူဆယ်သို့ မရောက်မီ မိုင်းယုသို့ ရောက်သည်။ မိုင်းယုကျေးရွာသည် မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း တည်ရှိရာ နေရာဖြစ်သည်။ ကုန်တင်ယာဉ်ကြီးများ (၁၀၅)မိုင်ကုန်သွယ်ရေး စခန်းသို့ ဝင်ရောက်ရသည်။ ၎င်းကုန်သွယ်ရေးစခန်း၌ မြန်မာနိုင်ငံဘက်မှလာသော ကုန်စည်များကို တစ်ဖက်နိုင်ငံမှ ကုန်တင်ကားများပေါ်သို့ ပြောင်းတင်ကြရသည်။ တစ်ဖန်တရုတ်ဘက်မှလာသော ကုန်ပစ္စည်းများကိုလည်း မြန်မာကုန်တင်ယာဉ်များက လွှဲပြောင်းတင်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ရောက်ရှိ

ထိုမှ ဆက်လက်၍ သတင်းခရီးသည်တို့သည် မူဆယ်မြို့တွင်းသို့ ရောက်ရှိခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတာကြောင့် မူဆယ်မြို့ဟာ တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲနေပါတယ်။"

ဦးမြဟန်
ဥက္ကဋ္ဌ၊ မူဆယ်မြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

ဝိုင်းရံလျက်ရှိ

"ကျွန်တော်တို့ မူဆယ်မြို့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ နယ်စပ်မြို့ဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက် ကိုးရပ်ကွက်ရှိပါတယ်။ မူဆယ်မြို့ဟာ ခရိုင်မြို့လည်း ဖြစ်ပါတယ်။ မူဆယ်မြို့ရဲ့အရှေ့ဘက်မှာ ကုန်းကြမ်းမြို့နယ်၊ တောင်ဘက်မှာ ကွတ်ခိုင်မြို့နယ်၊ အနောက်ဘက်မှာ နမ့်ခမ်းမြို့နယ်နဲ့ မြောက်ဘက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဝိုင်းရံလျက်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ မုံးကိုးနှင့် မန့်ဟီးရိုးပါဝင်ပြီး မုံးကိုးမှာ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ မန့်ဟီးရိုးမှာ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နဲ့ ဖွဲ့စည်းထားပါတယ်။ ဒီဒေသမှာ အဓိကအားဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။ စပါး၊ ပဲ၊ ပြောင်း၊ လက်ဖက်နဲ့ ကော်ဖီစိုက်ပျိုးပါတယ်။ ပညာရေးအနေနဲ့ မူဆယ်မြို့နယ်မှာ အထကကျောင်း ငါးကျောင်း၊ အထက(ခွဲ)ကျောင်း နှစ်ကျောင်း၊ အလကကျောင်း နှစ်ကျောင်း၊ အလက(ခွဲ)သုံးကျောင်း၊ အမက ၄၄ကျောင်း၊ အမက(ခွဲ)လေးကျောင်း၊ မူလတန်းလွန်ကျောင်း ၁၂ကျောင်း ရှိပါတယ်" ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်က မြန်မာ့အလင်းသို့ ခရီးရောက်မဆိုက် ရှင်းပြသည်။

မြို့ပြလမ်းများ

မူဆယ်မြို့၏ မြို့ပြလမ်းများသည် နယ်စပ်မြို့ဖြစ်သော်လည်း ကောင်းမွန်၏။ လမ်းမကြီးများမှာ ပန်းပေါင်းစုံဖြင့် အလှစိုက်ပျိုးထားသည့် လမ်းလယ်ကျွန်းများကြောင့် ပို၍ကြည့်လို့ကောင်းသည်။ မူဆယ်မြို့တွင်း ခရီးသွားလာရေးအတွက် သုံးဘီးမော်တော်ဆိုင်ကယ်ယာဉ်များ ပြေးဆွဲနေသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံ ကြယ်ခေါင်ဘက်မှ လာရောက်လည်ပတ်သော ကိုယ်ပိုင်မော်တော်ယာဉ်လှလှလေးများကိုလည်းတွေ့ရသည်။ မူဆယ်စည်ပင်သာယာဈေးကြီးနှင့် နာရီစင်တည်ရှိသော နေရာများမှာ အစည်ကားဆုံးဖြစ်သည်။ ဈေးများအတွင်း ရှမ်းပြည်နယ်ထွက် လယ်ယာထွက်ကုန်များနှင့် အဝတ်အထည်ဆိုင်များ၊ စတိုးဆိုင်ကြီးများလည်း တွေ့ရသည်။

သစ်လွင်လှပနေ

မူဆယ်မြို့၏ မြို့ပြရှုခင်းကိုလေ့လာကြည့်လျှင် သစ်လွင်လှပသော နေအိမ်တိုက်တာများနှင့် ဟိုတယ်၊ မိုတယ်များဖြင့် လှပနေသည်ကို တွေ့ရပေမည်။ မူဆယ်မြို့မှာ တရုတ်နိုင်ငံဘက်ခြမ်းရှိ ကြယ်ခေါင်နှင့်အပြိုင် တိုးတက်ပြောင်းလဲလျက်ရှိပေပြီ။

တိုးတက်ကောင်းမွန်

သို့ဖြစ်ပေရာ မူဆယ်မြို့သည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်း၊ နယ်စပ် ကုန်သွယ်ရေးမြို့အဖြစ် တိုးတက်လာခြင်း၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး အဘက်ဘက်မှ တိုးတက်လာခြင်းတို့ကြောင့် နယ်စပ်ဒေသ ခရီးသွားမြို့အဖြစ် စည်ပင်ဖွံ့ဖြိုးလျက်ရှိပါကြောင်း သတင်းခရီးတစ်ထောက် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မူဆယ်မြို့လယ်နာရီစင်

မူဆယ်မြို့လယ်ရှိ နာရီစင်နှင့် တိုးတက်သစ်လွင်နေသော နေအိမ်တိုက်တာ အဆောက်အအုံများကို ၎င်းသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မူဆယ်မြို့၏ လမ်းမကြီးများကလည်း ၎င်းသို့ သန့်ရှင်းသပ်ရပ်လျက်....။ (မြန်မာ့အလင်း)

တိုက်တာအိမ်ခြေများဖြင့် တိုးတက်ပြောင်းလဲနေသော နယ်စပ်မြို့ မူဆယ်မြင်ကွင်း....။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၂၈

မင်းတပ် ပြန်/ဆက်၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်မားရေးအတွက် ဒီဇင်ဘာ ၁၅ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်ခန်းမ၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကျင်းပရာ ဓာတ်ပုံကျွမ်းကျင်(၂) ဦးထန်းလောတမ်က အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့်မီဒီယာသမားကောင်း၏ ဖွင့်ဆိုချက်ကိုဖတ်ကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက မြှင့်သုံးသပ်ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ကြီးနားမြို့ ဈေးကြီးလမ်းကတ္တရာ ထပ်ပိုးလွှာခင်း

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဒီဇင်ဘာ ၆ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖြိုးဝေလင်းကြီးကြပ်သော အဖွဲ့ဝန်ထမ်းများဖြင့် မြို့သစ်ရပ်ကွက်အတွင်းရှိ ဈေးကြီးလမ်းဆက်သွယ်သွားလာမှု ချောမွေ့ကောင်းမွန်စေရန် ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်နေမှုကို ကချင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း ကွင်းဆင်းစစ်ဆေးသည်။ *(ပြည်နယ် ပြန်/ဆက်)*

ထန်တလန်၌ စာကြည့်တိုက်အဆောက်အအုံပန္နက်တင်

ထန်တလန်မြို့နယ် ကုချကျေးရွာနေ ဦးဇာဟီးမိသားစုလှူဒါန်းသော ငွေကျပ် ၂၅ သိန်းတန် ကုချကျေးရွာ ဟရဲလိန်းမြို့နယ် စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၂၀ရက်က အဆိုပါစာကြည့်တိုက် မြေနေရာ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးရွှေဘွိုင်းနှင့် အလှူရှင်ဦးဇာဟီးတို့က ပန္နက်တင်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

နမ္မတူ နမ့်ပါလေကျေးရွာ၌ ရေပေးရေးလုပ်ငန်းဆောင်ရွက်

နမ္မတူမြို့နယ် မိုင်းတပ်ကျေးရွာအုပ်စု နမ့်ပါလေကျေးရွာတွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင် လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးကြည်ဝင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ ရှင်းလင်းတင်ပြကြသည်။ *(မြို့နယ်စည်ပင်)*

ဖလမ်း၌ စာအုပ်စာစောင်လှူဒါန်းရေး လုပ်ငန်းညှိနှိုင်း

ဖလမ်းခရိုင်အတွင်း ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်၊ အဆောက်အအုံ၊ ပရိဘောဂနှင့် မီဒီယာပစ္စည်းများလှူဒါန်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ရက် နံနက် ၁၀နာရီက ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဝမ်းတွင်း၌ ကျောင်းကုန်း-ခံဘဲ့ ကျေးလက်လမ်းခင်း

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျောင်းကုန်း-ခံဘဲ့ ကျေးလက်လမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၃ရက်က အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။ *(မြို့နယ်စည်ပင်)*

စာပေဟောပြောပွဲ ရေဦး၌ကျင်းပ

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့စုပေါင်း၍ စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၂ရက်ည ၇နာရီက မြသီတာခန်းမ၌ကျင်းပရာ စာရေးဆရာ လယ်တွင်းသားစောချစ်၊ ချစ်နိုင်(စိတ်ပညာ)နှင့် ဂီတစာဆို ဂီတာဖေဝင်းတို့က သုတ၊ ရသစာပေများ ဟောပြောကြသည်။ **(ဝ၃၄)**

သာယာဝတီ၌ ချိုကြီးကွင်းတံတားတည်ဆောက်

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦး တာဝန်ယူဆောင်ရွက်သည့် ချိုကြီးကွင်း သစ်သားတံတား ဆောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၇ရက်က အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး ကွင်းဆင်းကြီးကြပ်သည်။ *(မြို့နယ်စည်ပင်)*

ဒီမောဆို၌ ငွေတောင်လမ်း ကျောက်ချောခင်း

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေတောင်လမ်းကျောက်ချောခင်းခြင်းဆောင်ရွက်မှုကို ဇန်နဝါရီ ၇ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးသည်။ **(မြို့နယ်စည်ပင်)**

မိုးကုတ်၌ ရေပိုက်လိုင်းများပြုပြင်

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကင်းချောင်းရေပေးရေး ရေပိုက်လိုင်းများ ပြုပြင်နေမှုကို ဇန်နဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းတန်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ *(မြို့နယ်စည်ပင်)*

ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသားများ မြတ်ဆရာပူဇော်ပွဲကျင်းပရေး စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ခုနှစ်မှ ၁၉၈၀ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော B.A (Law), LL.B နောက်ဆုံးအပတ်စဉ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပုလဲရတုအထိမ်းအမှတ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပနိုင်ရေးအစည်းအဝေးကို ဇန်နဝါရီ၃၁ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၅၈(ပထမထပ်) မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၂၅၃၉၀၀ သို့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မူးယစ်ကင်းစင် အလှဆင်

မူးခင်းကျဆင်းရေး သဃ်န်းကျွန်း၌ ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၈

မူးခင်းကျဆင်းရေးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက် ၉နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(၁)ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်စိုးလွင်က မူးယစ်ဆေးဝါးဆိုးကျိုးနှင့် မူခင်းကျဆင်းရေးအကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဟောပြော

ထို့နောက် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ မူးယစ်အထူးအဖွဲ့မှ ဒုတိယရဲအုပ်နေလင်းထွန်းက အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများကို ပရိဂျက်တာဖြင့်ပြသ၍ ပညာပေးဟောပြောသည်။ (၁၂၁)



အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကံလျက်တောကျေးရွာအဝင် သစ်သားတံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မူဆယ်ပြန်ဆက်၌ သင်တန်းဖွင့်

မူဆယ် ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၀)ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီက ခရိုင်ရုံးခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာအုပ်အလှူရှင်များနှင့် မူဆယ်ခရိုင်အတွင်းရှိ ခြောက်မြို့နယ်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မူဆယ်ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စာအုပ်လှူဒါန်းရခြင်းအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မူဆယ်ခရိုင်ရုံး စာကြည့်တိုက်သို့ ၂၀၀၉ခုနှစ် ဧပြီမှ ဒီဇင်ဘာအထိ လစဉ်ထုတ်မဂ္ဂဇင်းအသစ်များ လှူဒါန်းပေးကြသည့် အလှူရှင်၂၀အား ခရိုင်ဦးစီးအရာရှိက ဂုဏ်ပြုလွှာများ ပေးအပ်သည်။

သင်ကြား

ဆက်လက်၍ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီတို့က အသင်းအဖွဲ့နှင့်ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလုပ်ငန်းများနှင့်သက်ဆိုင်သည့်အကြောင်းအရာများကိုလည်းကောင်း ပို့ချသင်ကြားသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်ပွဲရ မန္တလေးတိုင်းတင်းနစ်အသင်း ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

(၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းတင်းနစ်ပြိုင်ပွဲတွင် ပထမဒိုင်းဆုရ မန္တလေးတိုင်း အမျိုးသမီးတင်းနစ်အသင်းနှင့် ဒုတိယဆုရ မန္တလေးတိုင်း အမျိုးသားတင်းနစ်အသင်းတို့အား မန္တလေးအသင်း(ရန်ကုန်)က ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက်၈နာရီက ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း၃၀ ထောင့်ရှိ မန္တလေးအသင်းတိုက် ရတနာပုံခန်းမဆောင်၌ကျင်းပသည်။

ဂုဏ်ပြုစကား

ရှေးဦးစွာ မန္တလေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြသောင်း(Jewel Hotel)က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မန္တလေးအသင်း အားကစားကော်မတီဥက္ကဋ္ဌ ဦးဖေသန်း(ပိဋကတ်တော်)က ဂုဏ်ပြုစကားပြောကြားသည်။

ချီးမြှင့်

ထို့နောက် မန္တလေးအသင်း(ရန်ကုန်)က ပထမဒိုင်းဆုရ အမျိုးသမီးအသင်း၊ အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရ ဇင်မာထွေးနှင့် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရ တင်ထွန်းဦးတို့အား ဆုချီးမြှင့်သည်။ ဆက်လက်၍ တင်းနစ်အသင်းအုပ်ချုပ်သူများဖြစ်ကြသောဦးကျော်စံ၊ ဒေါ်ဝါဝါစိုးတို့က အမျိုးသမီးအသင်း၊ အမျိုးသားအသင်း၊ အကောင်းဆုံးအားကစားသမားဆုရ အမျိုးသမီးနှင့် အကောင်းဆုံးအားကစားသမားဆုရ အမျိုးသားတို့အား ဆုများ ထပ်ဆင့်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ပညာရေးစုံညီပွဲတော် မြောက်ဦး၌ကျင်းပ

မြောက်ဦး ဇန်နဝါရီ ၂၈

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပညာရေးစုံညီပွဲတော်ကို မြောက်ဦးမြို့ အထက မြဝါခန်းမ၌ ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သန်းလင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက အကမျိုးစုံဖြင့် ဖျော်ဖြေကြပြီး မြို့နယ်ပညာရေးမှူး ဦးစံထွန်းကျော်က ထူးချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်သည်။ **(၁၁၃)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ မိုင်းဖြတ်ခရိုင်၌ကျင်းပ

မိုင်းဖြတ် ဇန်နဝါရီ ၂၈

မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီက ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဆုချီးမြှင့်ပွဲကို မွန်းလွဲ ၁၂နာရီခွဲတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းမြင့်က ဆုရွေးချယ်အမှတ်ပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် မွေးကင်းစမှ ခြောက်လအထိ ဆုရသူများအား ခရိုင်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေ **(ဝဲပုံ)**၊ ခြောက်လမှတစ်နှစ်အထိ ဆုရသူများအား ဒေါ်ရီရီလွင်နှင့် ဒေါက်တာမောင်မောင်သန်း၊ တစ်နှစ်မှ တစ်နှစ်ခွဲအထိ ဆုရသူများအား ဒေါ်သန်းသန်းငွေ၊ တစ်နှစ်ခွဲမှ နှစ်နှစ်အထိ ဆုရသူများအား အတွင်းရေးမှူး ဒေါ်ငွေအောင်ကြွယ်နှင့် ဒေါ်အမ်မာလွင်တို့က ဆုများချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒ

မင်္ဂလာပါ၊ ဆရာမအနေနဲ့ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်း ပို့ချသွားပါမယ်။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် ရူပဗေဒမေးခွန်းလွှာဟာ ၂၀၀၉ ခုနှစ် မေးခွန်းအတိုင်းသာဖြစ်ပါတယ်။

- ➤ Section (A) မှာ Answer All Questions ဖြစ်တဲ့အတွက် (၉) ပုဒ်စလုံးဖြေဆိုရမှာဖြစ်တယ်။ (၄) မှတ်တန် (၉)ပုဒ် စုစုပေါင်း (၃၆)မှတ်ဖိုးပါ။ No. 1 မှာ Fill in the blanks (၄) ခု၊ No. 2 မှာ True (OR) False (၄)ခုတို့ဖြစ်ပြီး၊ No. 3 ကနေ No. 9 ထိက Laws, Definitions, Quiz, short questions, simple calculation, illustration တွေကို မေးပါတယ်။ No. 9 မှာ(OR) ခံထားလို့ နှစ်သက်ရာ တစ်ပုဒ် ရွေးခွင့်ရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်တစ်ခုလုံး ဖတ်ထားဖို့လိုပါတယ်။
- ➤ Section (B) မှာ Answer any FOUR Questions ဖြစ်တဲ့အတွက် No. 10 မှ No. 15 အထိ (၆)ပုဒ်ထဲမှ (၄) ပုဒ်ကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ Section (B) မှာတော့ တစ်ပုဒ် (၁၆)မှတ်နဲ့ စုစုပေါင်း (၆၄)မှတ်ဖိုး ဖြေရမှာပါ။ ဒါ့အပြင် Section (B) မှာအပုဒ်တိုင်းကို (a) နှင့် (b) ထပ်မံခွဲခြားထားပါတယ်။ No. 15 မှာ (OR) ခံထားလို့ နှစ်သက်ရာတစ်တွဲ ရွေးခွင့်ရှိပါတယ်။ အမှတ်များကိုလည်း အမှတ်ပေးစည်းမျဉ်းအရ အပိုင်းလိုက်ခွဲခြမ်းစိတ်ဖြာ ပေးပါတယ်။

မေးခွန်းတွေကို အမှတ်ပြည့်ဖြေဆိုနိုင်ဖို့အတွက်ပြဋ္ဌာန်းစာအုပ်ကို ကျေညက်ပိုင်နိုင်ရန် အရေးကြီးပါတယ်။ သက်ဆိုင်ရာ အခန်းတစ်ခုချင်းစီအလိုက် Concept တွေ၊ Definition တွေ၊ Law and Principle တွေ၊ Illustration တွေ၊ Example တွေ၊ Question and Problem တွေကို ဘယ်လိုမေးမေး ဖြေနိုင်အောင် လေ့ကျင့်ထားစေလိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ကိုသာ အဓိကထားလေ့လာဖို့ အထူးမှာကြားလိုပါတယ်။ စာမေးပွဲဖြေဆိုတာဟာ အမှတ်ရအောင် ဖြေရတာပါ။ အမှတ်ပေးတဲ့ အဆင့်တွေကို ထည့်ဖြေမှ အမှတ်ရမှာပါ။ ရူပဗေဒမေးခွန်းလွှာမှာ မေးတတ်တဲ့ ပုံစံတွေနဲ့ ထည့်ဖြေရမည့် အချက်တွေကို သိထားရပါမယ်။

1. Fill in the blanks. မေးခွန်းမှာ အဖြေကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ရေးပါ။
   Example: The unit of pressure in SI system is _________. **Answer**: pascal (Pa)
2. Are the following statements **True** (OR) **False**? မေးခွန်းမှာ မှန်တာကို True (OR) true (OR) TRUE (OR) T, မှားတာကို False (OR) false (OR) FALSE (OR) F ဘယ်လိုပဲရေးရေး ရပါတယ်။ ဒါပေမယ့်မေးခွန်းမှာ ညွှန်ကြားထားတဲ့အတိုင်း ဖြေတာကတော့ ကောင်းတဲ့ အလေ့အကျင့်တစ်ခု ဖြစ်ပါတယ်။
   Example: Pressure is a vector quantity. **Answer**: False. (Pressure မှာ direction က တစ်ခုထက်ပိုများတာကြောင့် Vector မဟုတ်ပါ၊ Scalar သာ ဖြစ်ပါတယ်။)
3. Laws တွေ၊ Definition တွေ ရေးခိုင်းတဲ့အခါ (၁) စာသားကို ပြဋ္ဌာန်းစာအုပ်ထဲကအတိုင်း (Text ရှင်းလင်းချက်တွေထဲကဖြစ်ဖြစ် Summary ကဖြစ်ဖြစ်) ရေးပါ။ (၂) သက်ဆိုင်ရာ Equation ရှိရင် ရေးပါ။ (၃) သုံးထားတဲ့ Symbol ရှင်းလင်းချက်တွေ ရေးပါ။ မေးခွန်းမှာ In words (only), In symbols (only) လို့ မပြောထားရင် ကိုယ့်ဘက်က ပြည့်ပြည့်စုံစုံဖြေပါ။
4. Yes (or) No မေးခွန်းတွေမှာ(၁) Yes (or) No ရေးပါ။(၂) အကြောင်းပြချက် ပြည့်ပြည့်စုံစုံပေးပါ။
5. Essay type ရေးဖြေရတာတွေမှာ (၁) အချက်အလက်တွေ စုံနိုင်သမျှစုံပါစေ၊ (၂) အထောက်အကူလိုအပ်တဲ့ပုံတွေ ဆွဲပါ၊ (၃) လိုအပ်တဲ့ Equation တွေ ထည့်ရေးပါ။
6. Calculation problem တွေ တွက်တဲ့အခါ (၁) ပေးချက် မေးချက်ရေးပါ။ (၂) မူရင်း Equation ရေးပါ။ (၃) လိုအပ်တဲ့System / Unit ကိုက်ညီအောင်လုပ်ပြီး ကိန်းအစားသွင်းပါ။ (၄) တွက်ချက်မှုတွေ အဆင့်ဆင့်လုပ်ပါ။ (၅) အဖြေနဲ့ယူနစ် မှန်အောင်ရေးပါ။ (၆) Extra Information ပေးဖို့လိုအပ်တာတွေ ပေးပါ (ဥပမာ- Real / Virtual)။ (၇) အထောက်အကူလိုအပ်တဲ့ ပုံတွေ ဆွဲပါ (Rays / circuit diagrams)။ (၈) အမြှောက်၊ အစားတွေမှာ ပုံမှန်နည်းနဲ့တွက်တွက် Logarithem သုံးပြီးတော့ တွက်တွက်ရပါတယ်။ Logarithem ဇယားကို ရေးထားမှ ကိုယ်ပြန်စစ်တဲ့ အခါမှာ ပိုသေချာမှာပါ။ (၉) Gravitational acceleration (g) ကို အသုံးပြုရာမှာ မေးခွန်းမှာ သတ်မှတ်ထားတဲ့အတိုင်းသုံးပါ။ မပေးထားရင် $g = 9.8\ m\ s^{-2}$ (OR) $10\ m\ s^{-2}$ သုံးနိုင်ပါတယ်။ (၁၀) မေးခွန်းမှာ ဘာညွှန်ကြားချက်မှမပါက အနည်းဆုံး ဒသမ(၂) နေရာအထိ အမှန်ယူပါ။ Logarithem ဇယားသုံးကာ အရာရောက်ဂဏန်း (၄) လုံး အထိ အဖြေပေးသင့်ပါတယ်။
7. ပုံတွေဆွဲရင် ရှင်းရှင်းလင်းလင်းဆွဲပြီး ပုံစာတွေ မှန်အောင်ထည့်ပါ။
8. ဖြေဆိုသမျှ အပြည့်စုံဆုံးဖြစ်ပါစေ။ မလိုပါဟု မပေါ့ဆပါနှင့်။ ပိုဖြေမိ၍ အမှတ်မလျော့ပါ။ လိုသွားလျှင် လိုက်ဖြည့်၍ မရပါ။ ပြည့်စုံအောင်ဖြေမှ အမှတ်ပြည့်ရပါမည်။ အမှားမရှိမှ အမှတ်ပြည့်ရပါမည်။ ပြဋ္ဌာန်းစာအုပ်ကျေမှ အမှတ်ပြည့်ရပါမည်။

နမူနာယူ ဖြေဆိုလေ့ကျင့်နိုင်ဖို့မေးခွန်းဟောင်းတစ်ခုကို ဖြေဆိုပြထားပါတယ်။ နမူနာသာ ဖြစ်ပါတယ်။ စာမေးပွဲမှာ ဒါတွေပါမယ်လို့ တထစ်ချ မယူဆစေလိုပါဘူး။

1. Fill in the blanks. **(4 marks)**
   (i) The mechanical advantage of a machine depends on the _______ present.
   (ii) The least distance of distinct vision is about ___________.
   (iii) An ammeter is a device which is used to measure ___________.
   (iv) Beta particles are moving electrons and _________.
   Answer:
   (i) friction (ii) 25 cm or 250 mm (iii) (electric) current (iv) positrons
2. Are the following statements **True** (or) **False**? **(4 marks)**
   (i) NAND gates and NOR gates are called universal gates.
   (ii) A dielectric material is a conductor.
   (iii) When the object is at infinity, its image is at the focus of a concave lens.
   (iv) The air trapped in woolen fibres acts as an insulator.
   Answer:
   (i) T (ii) F (iii) T (iv) T
3. What is a manometer? Which liquid must be filled in a manometer? **(4 marks)**
   Answer:
   A glass tube, open at both ends and bent into a U-shape, serves as a sensitive device for measuring pressure when filled with coloured water or light oil. Such a device is called manometer.
   coloured water or light oil or mercury
4. If the distance between two successive nodes of a stationary wave in a stretched string is 0.8 m, (i) find the distance between two successive antinodes; (ii) find the distance between a node and the nearest antinodes. **(4 marks)**
   Answer:
   Distance between two successive antinodes = $\lambda/2 = 0.8$ m
   The distance between a node and the nearest antinodes= $\lambda/4 = 0.8/2 = 0.4$
5. Using Snell's law, define the refractive index in words and in symbols. **(4 marks)**
   Answer:
   The ratio of the sine of the angle of incidence to the sine of the angle of refraction is always a constant. That constant is the refractive index of the medium through which the refracted ray passes. [In symbols, $n = \frac{\sin i}{\sin r}$] n = the refractive index of the medium through which the refracted ray passes, i = the angle of incidence, r = the angle of refraction
6. Draw a ray diagram of a convex lens when the object is between F and 2 F. Describe the properties of the image. **(4 marks)**
   Answer:



7. Define the electric potential at a point in an electric field, in words and in symbols. Is it a scalar or vector? **(4 marks)**
   Answer:
   The electric potential at a point in an electric field is the work done in bringing a unit positive charge against the electric force from infinity to that point.
   $V = W/q$
   V = electric potential, W = work done, q = electric charge
   It is a scalar.
8. The area of each plate of a parallel-plate capacitor is $4\ m^2$ and the distance between two plates is 5 mm. If the dielectric constant of the material inserted between them is 2, find the capacitance of the parallel-plate capacitor. ($\varepsilon_0 = 8.85 \times 10^{-12}\ C^2N^{-1}m^{-2}$) **(4 marks)**
   Answer: $C = \kappa\varepsilon_0 \frac{A}{d} = 2 \times 8.85 \times 10^{-12} \times \frac{4}{5\times10^{-3}} = 14.16 \times 10^{-9}\ F$
9. Give two uses of radioactive tracers. Why is it important to use radioactive tracers with short half-lives? **(4 marks)**
   Answer:
   (1) Checking the function of body organs using tracers
   (2) Tracking a plant's uptake of fertilizer from roots to leave by adding a tracer to the soil water.
   (3) Detecting leaks in underground pipes by adding a tracer to the fluid in the pipe.
   Tracers are artificial radioisotopes with short half-lives so that there is no detectable radiation after a few days.
   (OR)
9. Write short notes on computer.
   Answer:
   Computer: A computer is an electronic device that can be instructed to perform calculations on numerical data or to compile, store correlate other forms of information. A typical computer system consists of input devices (keyboard, mouse), output devices (monitor, printer), storage devices (hard disk, RAM) and CPU.

SECTION B
(Answer any **FOUR** questions)

10. (a) (i) Write down the formula for the velocity ratio of a machine. Can the velocity ratio usually less than one? Does a machine depend on the friction present? (ii) The power output of the motor of a crane is 2025W. With what speed can the machine lift an 875 kg load? ($g = 9.8\ m\ s^{-2}$) **(16 marks)**
   Answer:

$$\text{velocity ratio (VR)} = \frac{\text{distance moved by effort}}{\text{distance moved by load in the same time}}$$

   No
   Yes
   P = Fv
   F = w = mg
   v = P/F = P/(mg) = 2025/(875 X 9.8) = 0.236 m/s

10. (b) What do you understand by a black body? An icebox taken along on a picnic contains 1.3 kg of water and 0.8 kg ice. If 36.654 J of heat enters through the insulator each second, how long does it take for all the ice to melt? (Latent heat of fusion of ice = $322.5\ kJ\ kg^{-1}$)
   Answer:
   The object which can absorb all the electromagnetic radiations falling upon it is called a black body.
   $m_w = 1.3$ kg, $m_{ice} = 0.8$ kg, $T_1 = 0\ °C$ (mixture of ice & water)
   $L_f = 322.5\ kJkg^{-1} = 322.5 \times 10^3\ Jkg^{-1} = 3.225 \times 10^5\ Jkg^{-1}$
   $T_2 = 0\ °C$ (mixture of ice and water), $H = 36.654\ Js^{-1}$
   $\Delta Q = m_{ice} L_f = 0.8 \times 3.225 \times 10^5 = 2.58 \times 10^5$ J,

$$t = \frac{\Delta Q}{H} = \frac{2.58\times10^5}{36.654} = 7039\ s = 1\ h\ 57\ min\ 19\ s$$

11. (a) Write down the lens-maker's equation. Explain the symbols used. The velocity of sound in air is $340\ m\ s^{-1}$. A man hears a thunderclap 8 s after seeing a lightning flesh. How far away is the source of thunder from that man? **(16 marks)**
   Answer:

$$\frac{1}{f} = (n-1)\left(\frac{1}{R_1} - \frac{1}{R_2}\right)$$

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

29-1 (15).pmd 1 1/29/2010, 2:03 AM

စာမျက်နှာ ၁၅ မှအဆက်

f = focal length, n = refractive index, R_1 = the radius of curvature of the lens surface that the light from the object reaches first, R_2 = the radius of curvature of the other surface of that lens

Let the distance = d m.

Time taken by light = t_1 = d/c = d/(3 × 10^8) s

Time taken by sound = t_2 = d/v = d/340 s

By the problem, $t_2 = t_1 + 8$

$t_2 - t_1 = 8$

d/340 - d/(3 × 10^8) = 8

$$d\left(\frac{1}{340}-\frac{1}{3\times10^8}\right)=8$$

340 << 3 × 10^8 and we have $\frac{1}{340} >> \frac{1}{3\times10^8}$

$$\frac{1}{340}-\frac{1}{3\times10^8}\approx\frac{1}{340}$$

$$d\times\frac{1}{340}\approx 8$$

d = 2720 m

11. (b) The virtual image of an object is formed 25 cm from a lens of focal length 10 cm. (i) Find the distance between the object and the lens. (ii) How far must the object be placed from the lens to obtain a real image of the same size as the virtual image obtained previously?

Answer:

v = -25 cm, f = 10 cm

$$\frac{1}{f}=\frac{1}{u}+\frac{1}{v}$$

$$\frac{1}{10}=\frac{1}{u}+\frac{1}{-25}$$

u = $\frac{50}{7}$ = 7.14 cm

$$m=-\frac{v}{u}=-\frac{-25}{50/7}=3.5 \text{ (erect)}$$

For a real image, m = - 3.5 (inverted)

m = $-\frac{v}{u}$

-3.5 = $-\frac{v}{u}$

v = 3.5 u

$$\frac{1}{f}=\frac{1}{u}+\frac{1}{v}$$

$$\frac{1}{10}=\frac{1}{u}+\frac{1}{3.5u}$$

U = 90/7 = 12.857 cm

12. (a) (i) Explain why the electric field intensity is zero everywhere inside a charged conductor. Give two reasons why a lightning conductor is made of copper rather than iron. (ii) What is an equipotential surface? How much work is done in carrying a charge + 2.5 × 10^{-19} C from one point to another on an equipotential surface of 350 V? **(16 marks)**

Answer:

The electric fields due to the individual charges of the surface of the charged conductor all cancel out inside the conductor. Therefore, the electric field intensity is zero everywhere inside a charged conductor.(i) The electrical conductivity (σ) of copper is greater than that of iron. (ii) The oxidization of copper is harder than iron that is copper is long last than iron.In an electric field, the points at the same potential are usually represented by a surface. Such a surface drawn through the points at the same potential is called an equipotential surface.Let two points be A and B

$V_B = V_A$ = 350 V, and V_{AB} = 350 – 350 = 0 V

W = q V_{AB} = 2.5 × 10^{-19} × 0 = 0 J 12 (b)The plates of a parallel-plate capacitor are 60 cm^2 in area and 2 mm apart. (i) What is its capacitance? (ii) When the capacitor is connected to a 50 V battery, what is the charge on either plate? (iii) What is the energy of the capacitor?

Answer:

A = 60 cm^2 = 60 ×10^{-4} m^2, d = 2 mm = 2 x10^{-3} m, C = ?

$$C=\kappa\varepsilon_0\frac{A}{d}=1\times 8.85\times10^{-12}\times\frac{60\times10^{-4}}{2\times10^{-3}}=26.55\times10^{-12}\text{ F}$$

Q = CV = 26.55 ×10^{-12} ×50 =1327.5 ×10^{-12} C

W = ½× CV^2 = ½ ×26.55 × 10^{-12} × 50^2 = 331.875 × 10^{-10} = 3.32× 10^{-8} J

13. (a) How many effects are there when an electric current is passed through substances? Describe these effects. A charge of 12 C passes through a cross-sectional area of a conductor in 3 s. (i) Find the current flowing through the conductor. (ii) How many electrons pass through that area in 2 s? **(16 marks)**

Answer:

When an electric current is passed through substances it can produce three main effects. They are heating effect, chemical effect and magnetic effect.

Heating effect: A metal conductor produces heat energy when a current passes through it. The heating effect of current is used in electric stove, electric iron and immersion heater.

Chemical effect: When a current is passed through copper sulphate solution which copper plates A and C dipping into it, some copper is seen deposited on the plate C after some time electric current produces chemical effect. The chemical effect of current is used in charging batteries, purifying metals, electroplating and in the manufacture of aluminum.

Magnetic effect: When a current flows through a coil of insulated wire which is wound round a bar of soft iron, the bar becomes a magnet and attracts steel pins. It is the magnetic effect. The magnetic effect are used in electric bell, telephone and electric motorI = Q/t = 12/3 = 4 AQ = ne n = Q/e = It/e = 4×2/(1.6 ×10^{-19}) = 5×10^{19} electrons

13 (b) State the Joule's law of electricity and heat in words and in symbols.A 12 V, 60 W electric lamp is connected to a transformer which is connected to a 220 V mains line. Find the current draw by the transformer from the mains line.

Answer:

The amount of heat produced in a resistor due to a current flowing through it is directly proportional to the square of the current, the value of resistance and the time taken by the current to pass through the resistor.

$$H=\frac{W}{J}=\frac{VIt}{J}=\frac{I^2Rt}{J}=\frac{V^2t}{RJ}$$

H = heat, V = voltage, I = current, R = resistance, t = time, J = constant

V_s = 12 V, P_s = 60 W, V_p = 220 V

$P_s = V_s I_s$

60 = 12 × I_s

I_s = 5 A

$$\frac{V_s}{V_p}=\frac{I_p}{I_s}$$

$$\frac{12}{220}=\frac{I_p}{60}$$

I_p = 3.27 A

14. (a) (i) What is a transistor? (ii) Draw a circuit diagram in which the emitter is forward- bias and the collector is reversed-bias.(iii) State two properties of Cathode rays. **(16 marks)**

Answer:

A transistor is a semiconductor device which works as an amplifier.



1. Cathode rays travel in straight line.
2. Cathode rays have momentum and kinetic energy.
3. Cathode rays consist of negatively charged particles.
4. Cathode rays can be deflected by electric field as well as magnetic field. (any two)

14. (b) State Bohr's basic assumptions. Why is Bohr's atomic model useful? Suppose there was 1 g of radon at t = 0 and its half-life is 4.4 days. How much would be left after 8.8 days?

Answer:

Bohr's basic assumptions

1. The electrons, which are moving around the nucleus, should be restricted to allowed orbits.
2. If an electron is moving in a certain orbit it does not absorb or radiate energy. But it may absorb or radiate energy when it jumped from one orbit to another.
3. An electron moving around the nucleus does not fall into the nucleus because it is moving around a certain orbit and it does not radiate energy.Bohr's atomic model is a useful model. This model can be used not only for the hydrogen atom but also for hydrogen- like atoms.Using his assumptions Bohr obtained a formula from which the energy levels of the hydrogen atom can be calculated. The formula gives values which agree with the experimental results obtained for the spectrum of hydrogen atom.

At t = 0, the amount of radon = 1 g

At t = 4.4 days, the amount of radon = ½ g

At t = 8.8 days, the amount of radon = ¼ g

15. (a) What are semiconductors? Give examples. Explain how p-type semiconductor is obtained. What is p-n junction diode? Draw a circuit diagram of forward biased p-n junction diode and its I-V graph. **(16 marks)**

Answer:

Materials which have an electrical resistance that lies between the high resistance values of insulators and the low resistance values of metals are called semiconductors.

Germanium, Silicon

When indium atoms having three valance electrons are added to the germanium atoms having four valance electrons, a **p-type semiconductor** is obtained.

A diode having a p-n junction is called a junction diode or a p-n junction diode.

(b) Why do people use transistors instead of vacuum tubes? (i)Give any two advantages of a transistor. (ii) What are the numbers of proton, electron and neutron in $^{193}_{83}Hg$?

Answer:

The Advantages of Transistors over the Vacuum Tubes

1. Transistors do not deteriorate with time, whereas vacuum tubes do.
2. Transistors are physically much more robust than vacuum tubes.
3. Transistors waste much less electrical power than vacuum tubes.
4. There is no warm-up period after switching on .
5. They are very much smaller than vacuum tubes but they perform a similar function.(any two)

proton = 83, electron = 83, neutron = 110

(OR)

15. (a) (i) Define intensity of sound waves? Explain the dependence of the intensity of sound waves on the amplitude in words and in symbols?(ii) The wave velocity in the highest frequency violin string is 530 m s^{-1}, and its length l is 0.55 m. If a violin player lightly touches the string at a point, which is at a distance 1/3 from one end, a node is formed at that point. What is the lowest frequency that can now be produced by the string?

Answer:

The intensity of a wave is the power transported across a unit cross sectional area.

The intensity of a wave (I) is directly proportional to the square of the amplitude (A).

The relation between intensity of a wave (I) and amplitude (A) is $I \propto A^2$.

It is the third harmonic.

l = 0.55 m, v = 530 m s^{-1}, f_3 = ?

$\lambda_3 = 2l/3$

$$f_3=\frac{3v}{2l}=\frac{3\times530}{2\times0.55}=1445\text{ Hz}$$

(b) State two defects of vision. Mention the causes of the defects and corrections to these defects, and draw the diagram.

Answer:

The common defects of vision are long sightedness and shortsightedness.

Long sightedness: For a person with long sightedness the rays from near objects intersect at a point behind the retina after passing through the eye-lens. This is due to an eyeball, which is too short, or due to the eye-lens which cannot be made sufficiently convex. This defect can be corrected by the use of spectacles with converging lens or convex lens.

Shortsightedness: For a person with shortsightedness the rays from distant objects intersect at a point in front of the retina after passing through the eye-lens. This is due to an eyeball, which is too long, or due to the eye-lens which is more convex than is necessary. This defect can be corrected by the use of spectacles with diverging lens or concave lens.

Fig: Longsightedness and correction with convex lens



Fig: Shortsightedness and correction with concave lens

ဒါကြောင့်

၁။ မေးခွန်းဟောင်းများကို လေ့လာပါ။

၂။ Text book ကို ကျေညက်အောင် လေ့လာပါ။

(က) Laws, Definitions, units အားလုံးကို မှန်အောင်ရေးချနိုင်ပါစေ။

(ခ) Examples, Problems အားလုံးကို နားလည်ပြီး တွက်ချက်နိုင်ပါစေ။

(ဂ) Diagrams အားလုံးကို ဆွဲတတ်၊ Label ထိုးတတ်ပါစေ။

(ဃ) စာလုံးပေါင်းမှန်ပါစေ။

ကျောင်းသား/ကျောင်းသူများအားလုံးစာမေးပွဲဖြေဆိုနိုင်ပါစေ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

မြန်မာ့ပန်းပုပညာအစွမ်း အံ့ဘနန်းမြင်တွေ့ကြရမည်

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်

ရန်ကုန် ဇန်နဝါရီ ၂၈

ဗဟိုသမဝါယမအသင်းလီမိတက်နှင့် ကောင်းမြန်မာအောင် ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်လှစ်ပြသရာ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ခဲ့သည်။

ပျူစောထီး ရုပ်တုကြီးကလည်း အံ့ဖွယ် လက်ရာမြောက်လှသည်။
(မြန်မာ့အလင်း)

သက်ရှိအလားထင်မှတ်မှား

ဆရာစံပလာဇာသို့ရောက်သည်နှင့် မုခ်ဦးရှေ့တွင် ခင်းကျင်းပြသထားသော ကြီးမားသည့် တိရစ္ဆာန်ရုပ်တုကြီးများကို တွေ့မြင်လိုက်ရာ တီဗွီဖန်သားပြင်၌ တွေ့ခဲ့ရသော တောရိုင်းတိရစ္ဆာန်အုပ်ကြီးများကို သွားသတိရမိပြီး တအံ့တဩ ကြည့်ရှုနေမိသည်။ စာမျက်နှာ ၇ ကော်လံ ၁ ✳

အနုပညာမြင်ကွင်း
ထိန်လင်း (မြန်မာ့အလင်း)

ဓာတ်ပုံလက်ရာ
တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင် (မြန်မာ့အလင်း)

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့အနုပညာ ပန်းပုလက်ရာမွန်များကို ဤသို့ ခင်းကျင်းပြသထားသည်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နေ့စဉ်လေ့ကျင့်ခန်း မှန်မှန်လုပ်ပေးလျှင် ဦးနှောက်ဉာဏ်ရည် ထက်မြက်စေနိုင်

လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်းသည် ဦးနှောက်မှတ်ဉာဏ်ကို ပိုမိုကောင်းမွန်စေနိုင်ကြောင်း ကင်းဘရစ်ချ် တက္ကသိုလ်မှ သုတေသနသိပ္ပံပညာရှင်များက စေ့ငုတင်ပြထားသည်။

အဆိုပါ သုတေသနပညာရှင်အဖွဲ့သည် နေ့စဉ်နှစ်သက်ရာ လေ့ကျင့်ခန်းတစ်ခုခုကို ပုံမှန်ပြုလုပ်ပေးခြင်းဖြင့် မှတ်ဉာဏ်ကောင်းပုံများကို ကြွက်များဖြင့် သုတေသနပြု စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

သုတေသနပြု

ယင်းတို့သည် ပုံမှန်ဆော့ကစားသော ကြွက်များအုပ်စုနှင့် လှုပ်ရှားမှုနည်းသည့် ကြွက်များဟူ၍ အုပ်စုနှစ်စုခွဲ၍ လေ့လာခဲ့ခြင်းဖြစ်သည်။ ပုံမှန်လှုပ်ရှားစေသော ကြွက်များ၏ ဦးနှောက်ဆဲလ်သည် ပို၍ အားကောင်းစေပြီး မှတ်ဉာဏ်စွမ်းရည်မှာလည်း ပိုမိုထက်သန်စေလာသည့်အချက်ကို သုတေသနပြု တွေ့ရှိခဲ့ကြသည်။

အဆိုပါ လေ့လာတွေ့ရှိချက်ကို အမျိုးသား သိပ္ပံအကယ်ဒမီမှတ်တမ်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

လူတို့အနေဖြင့်လည်း နှစ်သက်ရာ လေ့ကျင့်ခန်းတစ်ခုခုကို ပြုလုပ်ခြင်း၊ ပြေးလွှားဆော့ကစားခြင်း၊ လမ်းလျှောက်ခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် ဦးနှောက်မှတ်ဉာဏ်စွမ်းရည် မြင့်မားစေနိုင်ကြောင်း သုတေသနပညာရှင်အဖွဲ့က အကြံပြု ထောက်ပြထားသည်။ ။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။